မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နေမင်းသည် နေ့၌ တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့် တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၈၄)

■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနလာ်နေ့

ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၇/ ၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)
ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း

၁။ နိုင်ငံတော်သမ္မတရုံးက ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာသည့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃/ ၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ ၁**

စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၈/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)
စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်(၇/၂၀၂၆)ဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။ **စာမျက်နှာ ၁၂ ကော်လံ ၄ ➤**

၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည်မဟုတ်ကြောင်း အသိပေးထုတ်ပြန်ချက်

လတ်တလော လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် သတင်းမီဒီယာအချို့က ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည့်သတင်းများ ဖြန့်ဝေလျက်ရှိရာ (ကျပ်ငွေငါးသောင်းတန်) ငွေစက္ကူသစ်များ ထုတ်ဝေမည်ဆိုသည့်မမှန်မကန်သော ကောလာဟလသတင်းများ ပျံ့နှံ့လျက်ရှိပါကြောင်း၊ ယင်းသတင်းများသည် မှန်ကန်မှုမရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၅၀၀၀၀ ကျပ်တန်ငွေစက္ကူသစ်များ ထုတ်ဝေမည့်အစီအစဉ် မရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းစျေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်သည့်အတွက် ငွေကြေးတည်ငြိမ်ရေးနှင့် ငွေကြေးစနစ်တည်ငြိမ်ရေးအတွက်ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သို့ပါ၍ ယခုကဲ့သို့ အများပြည်သူ၏အကျိုးစီးပွားကို ပျက်ယွင်းအောင် စျေးနှုန်းမတည်မငြိမ်မှုဖြစ်အောင် သတင်းမှားဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၁၈-၁၀-၂၀၂၆)

ဒုတိယသမ္မတ ဦးညီစော ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

ဒုတိယသမ္မတ ဦးညီစောသည် ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ညနေပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် လည်းကောင်း တွေ့ဆုံအမှာစကား **စာမျက်နှာ ၅ ကော်လံ ၄ ➨**



ဒုတိယသမ္မတ ဦးညီစော မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။

မြဝတီ ဆောင်းပါး

မြန်မာ့စီးပွားရေး မောင်းနှင်အားသစ်ဖြစ်လာမည့် ခေတ်မီဝါစိုက်ပျိုးရေး

စာ - ၁၃ သို့

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ

စာ - ၁၅ သို့

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဗီယက်နမ်နိုင်ငံရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

စာ - ၁၆ သို့

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး အသုံးပြုသည့်ယာဉ်များအတွက် RFID (Radio Frequency Identification Device) ပါဝင်သည့်စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲဆောင်ရွက်လျက်ရှိ

စာ - ၇ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်

ကြည်နူးပီတိဖြစ်ရသည့်ပွဲတော်

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံဖြစ်သည့် အားလျော်စွာ နှစ်စဉ်နှစ်တိုင်းဘုရားပွဲတော်များကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ ဘာသာတရားဆိုသည်မှာ လူတို့၏စိတ်နှလုံးကို နူးညံ့သိမ်မွေ့ပြီး စိတ်ကောင်းစိတ်မြတ်များပြည့်ဝသည်။ လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံရသည့်အခါတွင်လည်း တုန်လှုပ်ချောက်ချားမှုနည်းပါးသည်။ ကြံ့ခိုင်သောစိတ်နှလုံးကိုဖြည့်ဆည်းပေးနိုင်သလို ကြည်ညိုသဒ္ဓါပွားမှုများလည်းတိုးတက်စေသည်။ နှစ်စဉ်ပြုလုပ်နေကျဖြစ်သော ဘုရားပွဲတော်များတွင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီ အပူဇော်ခံပင့်ဆောင်ပွဲလည်းပါဝင်သည်။

မြန်မာနိုင်ငံတွင် လမ်းကိုမြေတွင်မတွေ့ရ ရေတွင်သာတွေ့ရသောအရပ်၊ ခရီးကိုလှည်းနှင့်မသွား လှေနှင့်သွားသောအရပ်၊ လှေကိုလက်ဖြင့်မလှော် ခြေဖြင့်လှော်သောအရပ်၊ အိမ်ကိုကုန်းတွင်မဆောက်ရေတွင် ဆောက်သောအရပ်ကိုပြပါဆိုလျှင် အင်းလေးကန်ကိုပြရပါလိမ့်မည်။ အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်ထက်ပေပေါင်း ၂၉၀၀ ကျော်မြင့်သော ရှမ်းပြည်နယ် ညောင်ရွှေချိုင့်ဝှမ်းတွင် တောင်နှင့်မြောက်တန်းလျက်တည်ရှိသည်။ ရှေးယခင်က ဤအင်းကြီးသည် ၃၆ မိုင်ခန့်ရှည်၍ ၈ မိုင်အကျယ်ရှိခဲ့သည်။ ယနေ့ကာလတွင် ထိုမျှမရှိတော့ပေ။ အင်းလေးကန်ကို တောင်များဝန်းရံလျက်ရှိသည်။ အရှေ့ဘက်ရှိဆင်တောင်နှင့် အနောက်ဘက်ရှိ သန်တောင်တို့မှာ အင်းလေးရေပြင်တွင် အရိပ်ကျလျက်ရှိသည်။

အင်းလေးကန်သမိုင်းနှင့်ပတ်သက်၍ စာပေများတွင်ရေးသားထားသည်မှာ ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ခဲ့ရာ ဤအင်းကြီးသို့ရောက်လာလေသည်။ မင်းကြီး၏အမှုထမ်းများတွင် ထားဝယ်သားများလိုက်ပါလာကြသည်။ ထိုထားဝယ်သားမင်းမှုထမ်းသည် အင်းကြီးထဲတွင် နမ့်ပန်၊ ဟဲယာ၊ နောင်တော၊ ရွာကြီးဘန့်ပုံးဟူသည့်ရွာလေးရွာကို တည်ထောင်နေထိုင်ကြသည်။ အင်းထဲကရွာလေးရွာကို အင်းလေးရွာဟုခေါ်ဆိုရာမှ အင်းလေးကန်ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အင်းလေးကန်သည် မြန်မာသာမက ကမ္ဘာတစ်ဝန်းတွင်ပါထင်ရှားကျော်ကြားသောကန်တော်ကြီးတစ်ခုဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားတို့ အထူးစိတ်ဝင်စားသည့်နေရာဒေသလည်းဖြစ်သည်။ အင်းလေးကန်သည် မြန်မာနိုင်ငံအတွက် သဘာဝအမွေအနှစ်ဒေသတစ်ခုသာမက ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်ပါ ထင်ရှားလှသည်။ အင်းသားတို့၏ရိုးရာလေ့လော့ခတ်နည်းမှာ ကမ္ဘာပေါ်ရှိမည်သည့် လူမျိုးစုနှင့်မျှမတူဘဲ တစ်မူထူးခြားသည်။ လော်ခတ်ပုံမှာလေဦးထိပ်တွင် မတ်တတ်ရပ်ကာ ခြေထောက်တစ်ဖက်တည်းဖြင့် လော်ခတ်ကြခြင်းဖြစ်သည်။ ခြေထောက်ဖြင့်လေလော်သည်မှာ တစ်ဦးတစ်ယောက်တည်းကျင့်သုံးသည့် အလေ့အထ မဟုတ်ဘဲ လူမျိုးစုတစ်ခုလုံးအမျိုးသား၊ အမျိုးသမီးမရွေးလော်ခတ်ကြခြင်းဖြစ်သည်။

ရုပ်ပွားတော်မြတ်များ ပင့်ဆောင်အပူဇော်ခံလာရာ လမ်းကြောင်းတစ်လျှောက်တွင် ကရဝိက်ဖောင်တော်ကြီးအား အင်းသားများက ဆွဲလေ့များဖြင့် တက်ညီလက်ညီလော့ခတ်ကြကာ ပင့်ဆောင်ကြရသည်။ ထိုသို့ ပင့်ဆောင်ချိန်တွင် ဆွဲလေ့ပေါ်မှ အင်းသားများသည် အင်းရိုးရာတိုက်တေးများ၊ အင်းရိုးရာတေးသီချင်းများကို အားမာန်အပြည့်နှင့်သီဆိုကြပြီး အင်းတိုင်းရင်းသူလေးများကလည်း ရွာအဝင်တွင် ထမင်းထုပ်ကမ်းခြင်း၊ ခြေတံရှည်အိမ်များ၊ ရေစပ်အိမ်များ၏ရှေ့တွင် ဆွမ်းတင်ခုံ၊ ပန်းတင်ခုံများကဲ့သို့သော ဝါးစင်ငယ်လေးများဆောက်ကာ လှူဖွယ်ပစ္စည်းများ တင်လှူပူဇော်ကြသည်။

ဘုရားပွဲတော်ကို အောက်တိုဘာလ ၁၂ ရက်မှ ၂၉ ရက်(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) အထိ ၁၈ ရက်ကြာကျင်းပခြင်းဖြစ်ပြီး ဒေသစာရီကြွချီအပူဇော်ခံရာတွင် အင်းတိန်ကျေးပေါခုံကျောင်း၊ ဟဲယာရွာမ၊ ငါးဖယ်ချောင်း၊ ကြေးစားပွဲစားကုန်း၊ လင်းကင်း၊ ညောင်ရွှေ၊ နန်းသဲ၊ မိုင်းသောက်၊ သလဲဦး၊ ကေလာ၊ ဇရပ်ကြီး၊ အလိုတော်ပေါက်၊ နန်းပန်ကျောင်း၊ မန်ကျည်းဆိပ်၊ ကျိုင်းခမ်း၊ မိုင်းပျိုး၊ နောင်တော၊ အင်းပေါခုံနှင့်ရေသာအပါအဝင် ၎ဒေသ ၂၁ ခုသို့ ကြွချီအပူဇော်ခံမည်ဖြစ်သည်။ အင်းလေးဒေသ၏ ထူးခြားလှသောရုပ်ပွားတော်မြတ်များအပူဇော်ခံလှည့်လည်ပင့်ဆောင်ပွဲမှာ အလွန်ပင်ကြည်နူးပီတိဖြစ်ရသည့်ပွဲတော်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့် နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

မအူပင် အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီးမအူပင်မြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အပူဒဏ်အန္တရာယ်မှ ပြည်သူများကျန်းမာရေးသတိပြုနိုင်စေရန် ရည်ရွယ်၍ အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်သက်ခိုင်၊ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာစိုးသက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီ ဥက္ကဋ္ဌဦးမိုးကျော်အောင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများစုပေါင်း၍ လူစည်ကားရာနေရာများဖြစ်သည့် မြို့ရှောင်လမ်းနှင့် ရေလဲလမ်းထိပ်၊ အဝေးပြေးကားဂိတ်ဝင်းရှေ့တို့၌ အသိပညာပေးဆိုင်းဘုတ် စိုက်ထူကြပြီး ပြည်သူများအား အပူဒဏ်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထိုသို့အသိပညာပေးဆိုင်းဘုတ်စိုက်ထူပေးခြင်းဖြင့် လမ်းသွားလမ်းလာပြည်သူများနှင့်ဒေသခံများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်မှကြိုတင်ကာကွယ်ရန်နည်းလမ်းများ၊ရာသီဥတုခြောက်သွေ့သဖြင့် မီးလောင်ကျွမ်းမှုဖြစ်ပွားစေရန်နှင့် အပူဒဏ်လျှော့ချရေး လိုက်နာရမည့် ကျန်းမာရေးသတိပြုဖွယ်ရာများအား လွယ်ကူစွာလေ့လာကြည့်ရှုပြီး စနစ်တကျပြုမူနေထိုင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

စန်းစန်း

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၁၀-၂၀၂၆(တနလာ်နေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၀၀ ပျော်ရွှင်တင်ဆက် လေလှိုင်းထက်
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

နေပြည်တော်

စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)

စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)

တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)

တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

ကမ္ဘာ့အရိုးပွရောဂါနေ့ လူထုအသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ ဟော်မုန်းရောဂါ ပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံ အရိုးရောဂါပညာရှင်များအသင်း တို့ပူးပေါင်း၍ ကမ္ဘာ့အရိုးပွရောဂါနေ့ လူထုအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာလ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

ရှေဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆေးရုံအုပ် ဒေါက်တာမိုးခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟော်မုန်းရောဂါပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မိုးဝင့်အောင်က ကမ္ဘာ့အရိုးပွရောဂါနေ့ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လူထုအသိပညာပေး ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာ တက်ထွန်းချစ်က အရိုးကျန်းမာကာကွယ်ပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ ဒေါက်တာ ရွှေကျော်ဦးက အရိုးပွရောဂါ ခွဲစိတ်ကုသရုံနှင့်မပြီးပါ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ဟောပြောပွဲတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါကမ္ဘာ့အရိုးပွရောဂါနေ့ အခမ်းအနားသို့ တက်ရောက်လာသူများအား အရိုးပွရောဂါနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေများကိုလည်း စစ်ဆေးပေးကြပြီးနောက် ခင်းကျင်းပြသထားသော အရိုးရောဂါနှင့် ပတ်သက်သည့်ပြခန်းများကိုလှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အို ဦးရေ မြင့်တက်လာသည်နှင့်အမျှ အရိုးပွရောဂါဆိုင်ရာ ကျန်းမာရေးပြဿနာများသည် မိသားစုနှင့် လူမှုပတ်ဝန်းကျင်အတွက် အရေးကြီးသော ကျန်းမာရေးစိန်ခေါ်မှု တစ်ရပ်ဖြစ်လာပြီး အရိုးပွရောဂါသည် ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **ဝန်းရံခ**

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ မြေပဲ ၈က ၆၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

ဝါးခယ်မ အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ၈က ၆၀၀၀ ကျော်ကို နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးရန် လျာထားကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

“ဝါးခယ်မတစ်မြို့နယ်လုံးအနေနဲ့ မြေပဲ ၆၂၃ ဧကအထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ လျာထား၈ကအားလုံး ရာသွန်းပြည့် စိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ပျိုးထားတဲ့ သီးနှံတွေမှာ ပိုးမွှားရောဂါတွေ ကျရောက်မှုက ကာကွယ်နိုင်ဖို့ စတဲ့ နည်းပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးထားပါတယ်” ဟု ဒေါ်ခင်ဌေးမြင့်က ပြောသည်။

အဆိုပါ မြေပဲများအပါအဝင် ဆောင်းသီးနှံများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာများနှင့် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများကို သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို တခြားဒေသများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများအတွက် မိသားစုဝင်ငွေပိုမိုရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**



ကလိန်အောင်မြို့၌ ရော်ဘာများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ကလိန်အောင် အောက်တိုဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ရှိ ဒေသခံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ယခုနှစ် ရော်ဘာရာသီအစတွင် အရောင်းအဝယ်ကောင်းမွန်သဖြင့် အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ဒီနှစ် ရော်ဘာရာသီအစမှာ အရောင်းအဝယ်ကောင်းမွန်နေတဲ့အတွက် ခြံပိုင်ရှင်တွေရော အလုပ်သမားတွေပါ အရင်နှစ်တွေထက် အဆင်ပြေကြပါတယ်။ ထွက်ရှိလာတဲ့ ရော်ဘာအရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရရှိပါတယ်”ဟု ကလိန်အောင်မြို့ရှိ ရော်ဘာခြံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ကလိန်အောင်မြို့သည် ရော်ဘာကို အဓိကစိုက်ပျိုးသည့်ဒေသတစ်ခုဖြစ်ပြီး ရာသီဥတုအခြေအနေနှင့် ဒေသန္တရအချက်အလက်များအရ ရော်ဘာစေးအထွက်နှုန်းကောင်းမွန်သောကြောင့် ဒေသတွင်းစီးပွားရေး၏အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ထိုသို့ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ရော်ဘာခြံလုပ်သားများအတွက်လည်း ဝင်ငွေများပိုမိုတိုးတက်လာကာ ဒေသတွင်းကုန်စည်စီးဆင်းမှုနှင့် စီးပွားရေးလည်ပတ်မှုများကိုပါ အထောက်အကူပြုလျက်ရှိသည်။

ရော်ဘာပင်သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသအများစုတွင် အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး ရေရှည်တည်တံ့သော မိသားစုဝင်ငွေကို ပေးစွမ်းနိုင်သည့် နှစ်ရှည်ပင်ဖြစ်ကြောင်း သိရသည်။

(၄၁၂)

တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင်ရေ ငါးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန် စတော့အိတ်ချိန်း၌ အောက်တိုဘာလ ဒုတိယပတ် တစ်ပတ်တာ ကာလအတွင်း ငွေကျပ်သိန်း ၃၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ငါးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ အောက်တိုဘာလ ၁၂ ရက်မှ ၁၆ ရက်အထိ စုစုပေါင်း ငွေကျပ် ၃၆၇၄၃၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ အစောင်ရေ ၅၅၃၉၈ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၁၁၆၅၅၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၁၇၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ သုံးပုံနှစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၂၁၈၀၆၄၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၂၉၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၉၅၂၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၁၆၂ စောင်အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ သုံးပုံနှစ်ပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၃၃၇၁၁၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၉၄၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ငါးပုံလေးပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၇၁၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၁၀၀၀ ခန့် အရောင်းအဝယ် ကျဆင်းခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၄၀၄၁၆၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၄၂၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။ AMATA ကုမ္ပဏီမှ ငွေကျပ် ၉၉၈၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ကျော် အရောင်းအဝယ် မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၃၉၉၂၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၁၉၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ခန့် အရောင်းအဝယ် ကျဆင်းခဲ့သည်။

ယခုတစ်ပတ်အတွင်း ကုမ္ပဏီနှစ်ခုမှအပ ကျန်ကုမ္ပဏီခြောက်ခုမှာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာရောင်းချနိုင်မှု မြင့်တက်ခဲ့ကြောင်း သိရသည်။

ခန့်ခန့်



စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

ဆရာတော်များထံမှ အလုံးစုံပြီးစီးလျှင် နပွလင်သို့အမြန်ပြန်လာ၊ မူလတာဝန်များကို အားကြိုးမာန်တက်လုပ်ရင်းနှင့် လျှုရေးတန်းရေး၊ ငွေကြေးပစ္စည်းကလည်း သစ်၊ ဝါး၊ အုတ်၊ အင်္ဂတေကအစ မပူပင်ရဘဲ အလုပ်သမားများမှာလည်း အစားအသောက်၊ အဝတ်အထည်ကအစ ပြည့်စုံစေခဲ့ရာ မြင်းခြံမြို့ပေါ်မှ လုပ်အားဒါနကုသိုလ်ယူသူများနှင့် နေ့စဉ် လူပေါင်းရာချီရှိလေသည်။ ထို့ကြောင့် ဆရာတော်ဦးလက္ခဏာနှင့် ဦးသူတော်က ဒါနပွဲတစ်ခုတိုးကာ ကျောင်းကြီးမပြီးမချင်း ကျောင်းဝိုင်းကြီးရှေ့ မုခ်ဦးအဝင်ဝဘယ်ညာ၌ မဏ္ဍပ်ကြီးများထိုးကာ နေ့ညမပြတ် စတုဒိသာထမင်း ကျွေးကြလေသည်။

ဗိသုကာဆရာကြီးများက ကျောင်းကြီး၏မြောက်ဘက်တွင် သုံးဇက မျှပတ်လည်ကျယ်သော ရေကန်ကြီးကို ဥယျာဉ်ကြီးခြံရံပြီး တူးဖော်တည်ဆောက်ပေးလိုက်လေရာ ဆရာတော်ကြီးများက ဤမျှကြီးမား သောစာသင်တိုက်ကြီးတွင် သိမ်လည်းရှိရန်လိုအပ်ကြောင်း အကြံပြုကြပြန်ရာ ဘုရင်ထီးဘုရားထံ အမိန့်တော်ခံ၍ ကျောင်းတော်ကြီး၏ တောင်ဘက်တွင် သိမ်တော်ကြီးပုံစံကို ရေစကြိုဆရာသိုင်းကဆွဲပြီး

“အမှုတော်ကို အကျေအပွန်ထမ်းရွက်သော စံနက်ကျော်မှာ နံနက်လင်းအရုဏ်မှထွက်၍ ညနက်သန်းခေါင်မှသာ ရွာစဉ်ရွာတန်း ယမ်းဖိုများကို လှည့်လည်စစ်ဆေးပြီး ပြန်ရလေသည်။ နှောက်လိုက်ရဲမက် အစောင့်အကြပ်များ အကြားပင် အကြောင်းမသိသူ ဓားပြရမ်းကား သူခိုးသားတို့ကိုလည်း နှိမ်နင်းကွပ်ညှပ်ပေးရလေသည်။ ဤသည်ကပင် သူနှင့်ခန္ဓောရွာသူ မပန်းဝါတို့ ရေစက်မေတ္တာတွေ့ဖို့ရန် အကြောင်းဖန်ခဲ့လေသည်. . .”

ကန်တော်ကြီးနှင့် ဥယျာဉ်ကြီးပုံတော်မှာ ဆရာခြံ၏ ဗိသုကာလက်ရာများဖြစ်သည်။ ထို့ပြင် ကျောင်းဆောင်များအတွင်း နံရံကပ် ရုစ်ပေ၊ လေးပေ ပိတ်ကြမ်းပေါင်ကြပ် နိပါတ်တော်ပန်းချီကားကြီးများနှင့် ကောသလအိပ်မက်ပန်းချီများ၊ နိဗ္ဗာန်မှ အဝီစိအထိ ပြရုပ်ပန်းချီကားများ၊ ငရဲကြီးရှစ်ထပ်ပန်းချီကားများကိုလည်း ဆရာခြံ၊ ဆရာသိုင်းတို့နှင့်အတူ ရတနာပုံဆရာတင်၊ ဘိလပ်ပြန်မောင်ကြူး၊ ရွှေနန်းတော်သုံးဝန် ဆရာရှစ်ယောက်တို့က ရေးထိုးပူဇော်ခဲ့ကြလေရာ မြင်းခြံမြို့အနောက်ပိုင်းမှ ကိုးဆောင်တွဲကျောင်းကြီးမှာ မပြီးစီးမီကပင် နန်းပေါက်၊ စိုးပေါက်၊ နတ်ပြည်ကကြားရလောက်သည်အထိ ဂုဏ်သတင်းကြီးနေခဲ့လေရာ စံနက်ကျော်မှာ ပီတိတစ်ဝက်၊ သောကတစ်ဝက်ဖြင့် ရွှေနန်းတော်ကြီးသို့ ရောက်တိုင်း မင်းနှစ်ပါးနားသို့ ကြားပေါက်အောင် သံတော်ဦးတင်ရလေသည်။

“ဟဲ့ ငစဉယ် နင့်ကျောင်းကြီးကလည်း သတင်းကြီးလှပါလားဟဲ့”

“မှန်လှပါဘုရား၊ ညီတော်၊ နောင်တော်ဘုရားတို့၏ ဘုန်းတော်များနဲ့ ရွှေနန်းတော်ကြီးက မိသားစုများကောင်းမှုကြောင့် ထည်ဝါနေကြောင်းပါဘုရား”

“အိမ်း ... နင်ကတော့လေ ဟင်း ဟင်း၊ ဘယ့်နယ် ညီတော်ရဲ့ ညီတော့်လူပျိုသားက စကားအရာ တယ်လည်းလိမ္မာလှပါလားကွယ်၊ အိမ်း အိမ်း ကျောင်းအပ်ပွဲအလှူတော်ကို ရွှေနန်းတော်ကဝန်ကြီးများနဲ့တိုင်ပင်ပြီး အသေအချာလုပ်ကွဲ့နော၊ မင့်ဆရာ မောင်လှိုင်ရှိနေသားပဲ ဟင်း ဟင်း၊ မောင်လှိုင်တို့၊ မင်းလှနော်ရထာတို့က ညီတော်ရဲ့ကျွန်ရင်း တပည့်တွေပေကိုးကွဲ့ ဘယ်ခေလိမ့်မလဲ”

“မှန်လှပါဘုရား”

သို့ဖြင့် ၁၂၂၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်တွင် ကျောင်းကြီးမှာ အလုံးစုံပြီးမြောက်ခဲ့ပြီ။ ထိုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ ဝါမကျွတ်မီ တစ်ရက်အလိုတွင် ဝါကျွတ်ပွဲနှင့်အတူ ကျောင်းလွတ်ပူဇော်ပွဲကိုကျင်းပခဲ့ပြီး သက်တော် ၉၆ နှစ်၊ ဝါတော် ၇၇ ဝါရှိ မူလဝေဖယ္လာဆရာတော်ဘုရားကြီးက အလှူခံတော်မူပြီး ပင့်သံဃာ ၁၀၀၀ နှင့်အတူ ရွှေနန်းတော်မှ သာသနာပိုင်ဆရာတော်အားလုံး ကြွရောက်ချီးမြှင့်တော်မူခဲ့ကြသည်။ ဘဝရှင်ထီးဘုရားကြီးက ကျောင်းလှူဒါန်းမှု စာချွန်လွှာနှင့် သိမ်သမုတ်ခြင်းစာချွန်လွှာတို့ကို လေးပေခန့် အရှည်ရှိ ရွှေနန်းတော်သုံး ပေရွက်အနီချပ်များဖြင့် ရွှေနားကွပ် ဝါးကျည်တောက်များနှင့် ပို့ဆက်ရေစက်သွန်းခဲ့သည်။ ဥပရာဇာမင်းတရားကလည်း နှစ်ပေအရှည် ပေရွက်အပါ ငွေနားကွပ်ကျည်တောက်စွပ်ဖြင့် ဒါနပတ္ထနာစာလွှာဖြင့် ရေစက်သွန်းခဲ့၏။ ပွဲသွင်းရေးအပ်ရေစက်ခွက်များကို ရဲသီဟကျော်စွာ စံနက်ကျော်နှင့် မယားရှင်မယ်ညို၊ ဒုတိယမယားခန္ဓောရွာသူ မပန်းဝါတို့ အမိအဖ၊ အဘိုးအဘွားများနှင့်တကွ ရေစက်သွန်းလှူဒါန်းခဲ့ကြသည်။

ကျောင်းကြီးမှာ အရှေ့ဘက်တွင် မုခ်ဦးဖွင့်လျက် တောင်ဘက်နှင့် မြောက်ဘက်တွင် မုခ်ပေါက်ငယ်များထားကာ ဧရာဝတီမြစ်မျက်နှာစာ အနောက်ဘက်တွင်လည်း မုဒိတာပေါက်ဖွင့်ထား၏။ ဧရာဝတီမြစ်သို့ဆင်းရာ မုခ်လမ်းကိုလည်း အကျယ်ပေနှစ်ဆယ်ဖြင့် အုတ်၊ အင်္ဂတေလမ်းဖောက်ခဲ့လေရာ တချို့က ကျောင်းတော်ကြီးကို အနောက်လှည့်ယူဆနေကြသည်။ ကျောင်းပရိဝုဏ်အတွင်း အရှေ့မြောက်ထောင့်တွင် ဥဏ်တော်အတောင်လေးဆယ်မျှရှိသော အမြင့်ခြောက်တောင် ပလ္လင်ခံမုခ်လေးဆယ်နှင့် မင်းရှင်စောကောင်းမှု စေတီတစ်ဆူရှိလေရာ ပရိဝုဏ်မုခ်ပေါက်ကို မူလကပင် ပုံဆွဲ၍ အရှေ့ဘက်သို့ မျက်နှာမူခဲ့ခြင်းဖြစ်သည်။ ကျောင်းတော်ကြီးမှာ မူလအမည် ဝေဖယ္လာဖြစ်သော်လည်း အလှူဒကာ စံနက်ကျော်၏ နာမည်ဂုဏ်သတင်းနှင့် ထိုခေတ် ထိုအချိန်က ရှားရှားပါးပါး ကြီးမားခဲ့ထည်လှသည့် ကိုးဆောင်တွဲကျောင်းကြီးဖြစ်၍ မဟာမင်းထင် ကိုးဆောင်တွဲကျောင်းဟု လူသိထင်ရှားခဲ့သည်။

(မှတ်ချက် - ထိုကျောင်းဆောင်ကြီးများမှာ နယ်ချဲ့အင်္ဂလိပ်များ မြင်းခြံမြို့သို့ နှစ်ည သုံးရက်လုံးလုံး မိုးထဲရေထဲတွင် အပြင်းအထန် တိုက်ခိုက်စဉ် ရွှေနန်းတော်ကြီးနှင့်တူလွန်းသဖြင့် မြစ်အတွင်း ကုလားဖြူတို့၏ နောက်ဆုံးပေါ်အမြောက်သဘော်ပေါ်မှနေ၍ အမြောက်များဖြင့် အဆက်မပြတ်ပစ်ခတ်ရာ ကျောင်းပရိဝုဏ်ကြီးတစ်ခုလုံး ညက်ညက်ကြေ မီးလောင်ပြာကျခဲ့ရသည်မှာ များစွာဝမ်းနည်းဖွယ်ဖြစ်သည်။)

အမှုတော်ကို အကျေအပွန်ထမ်းရွက်သောစံနက်ကျော်မှာ နံနက်လင်းအရုဏ်မှထွက်၍ ညနက်သန်းခေါင်မှသာ ရွာစဉ်ရွာတန်း ယမ်းဖိုများကို လှည့်လည်စစ်ဆေးပြီး ပြန်ရလေသည်။ နောက်လိုက်ရဲမက် အစောင့်အကြပ်များအကြားပင် အကြောင်းမသိသူ ဓားပြရမ်းကား သူခိုးသားတို့ကိုလည်း နှိမ်နင်းကွပ်ညှပ်ပေးရလေသည်။ ဤသည်ကပင် သူနှင့် ခန္ဓောရွာသူ မပန်းဝါတို့ ရေစက်မေတ္တာတွေ့ဖို့ရန် အကြောင်းဖန်ခဲ့လေသည်။ မပန်းဝါ၏ဖခင် ဦးဖိုးမင်က ဤနယ်၌ ပစ္စည်းဥစ္စာလွန်စွာပြည့်စုံသော ယမ်းဖိုအစုအဖွဲ့များ ပိုင်ရှင်ဖြစ်၏။ လုပ်ငန်းသဘောဆက်စပ်မှုဖြင့် မပန်းဝါတို့အိမ်မှာ စံနက်ကျော်အတွက် စားအိမ်သောက်အိမ်၊ တည်းခိုအိပ်စက်ရသောအိမ်ဖြစ်ခဲ့သည်။

မပန်းဝါမှာ ကျေးလက်နေ ဗိုင်းကောင်းကျောက်ဖိ အမျိုးကောင်းသမီးကလေးပီပီ အိမ်ထောင်မှုနိုင်နင်း၏။ အချက်အပြုတ်၊ အချုပ်အလုပ်မှအစ မိခင်ကြီးဒေါ်မယ်ပိုက် လှည့်မကြည့်ရလေအောင် သိမ်းထုပ်သေချာခဲ့သူဖြစ်သည်။

ထိုသို့သောအရည်အချင်းများထက်ပိုသည်က မပန်းဝါက ကျေးတော သူဆိုသော်လည်း ဝါရွှေသောအသားအရေ၊ နက်မှောင်သောဆံကေသာ၊ ကော့ရွှန်းတောက်ပနေသော မျက်လုံးမျက်ဖန်၊ မနိမ့်လွန်းမမြင့်လွန်းသော အရပ်အမောင်းတို့နှင့် လှပတင့်တယ်လွန်းခြင်းပင်။ အမြင်ကြာ၊ အနေနီး တစ်ဦးတည်းသောသမီး မပန်းဝါနှင့် လူရည်သန့်၊ မင်းမှုထမ်း လူညီချော တပ်မှူးကြီးတို့ အိုးချင်းထား၍ အိုးချင်းထိသကဲ့သို့ ကြိုးချင်းထားခဲ့ကြ၍လည်း သံယောဇဉ်ကြိုးတို့ ငြိခဲ့ကြလေသည်။

ညနေစောင်းတိုင်း ရွာဦးထိပ် ရွှေကူနီဘုရားနံဘေးမှ မြင်းညီရှင် ချစ်သူမောင်လာမည့်လမ်းကို မပန်းဝါ မျှော်တတ်ခဲ့လေပြီ။ ချစ်သူလာရာလမ်း မျှော်မှန်းရင်း လွမ်းရက်ရှည်ကြာ သွေခွာသည့် မောင်ဘုရား ဘယ်နယ်သားဆိုတာ သူမသိ။ ဇနီးမယားရှိသလား၊ သမီးသားရှိသလား သူမစူးစမ်းအား၊ နှလုံးသားက ချစ်ခြင်းများနှင့်သာ ရိုးသားစွာ သူ့ကို ချစ်ခဲ့ရှာသည်။

မပန်းဝါဆီမရောက်ဖြစ်သောညနေတိုင်း ခန္ဓောရွာတောင်ဘက်က ညီအစ်မခုနစ်ဖော်ဘုရားကုန်းတော်လမ်းထက် တူနှစ်ကိုယ် မြင်းစီးရင်း သူ့ရင်ခွင်ထဲ၌ ပျော်ရွှင်နေတတ်သည်တို့ကို မြင်ယောင်နေမိ၏။ ဤအခါများတွင် စိတ်ကူးယဉ်အတွေးများနှင့် တက်ကြွရွင်လန်းနေတတ်သော လင်ယောကျ်ားမျက်နှာကို ကြေးမုံပြင်ကဲ့သို့ရှုနေသော ငယ်ချစ်ဦးရှင်မိညို ပူပန်စိတ်ပိုရလေပြီ။

“အစ်ကိုရယ် ရွှေနန်းတော်နဲ့လည်း အလှမ်းကွာဝေးတော့ လူဆိုးဓားပြတွေကလည်း သောင်းကြမ်းကြတယ်၊ သွားလေလာလေရာ အထူးဂရုစိုက်ပါနော်” **ဆက်လက်ဖော်ပြပါမည်။**

မြစ်သားမြို့နယ်၌ အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မြစ်သား အောက်တိုဘာ ၁၈

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ စပါး၊ နှမ်း၊ ပြောင်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ကြက်သွန်နှင့် ပဲအမျိုးမျိုးတို့ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးသီးနှံအစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အစေ့ထုတ်ပြောင်းစိုက်ပျိုးရာတွင် ရေစီးရေလာကောင်းမွန်သော နုန်းတင်မြေနှ သို့မဟုတ် သဲနုန်းမြေများတွင် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့လေးပြည်၊ မြေပြုပြင်ခြင်း၊ ထယ်ရေဖော်ခြင်း၊ အလုပ်သမား၊ မြေဩ၊ ပိုးသတ်ဆေးအပါအဝင် စိုက်ပျိုးမှုကုန်ကျစရိတ်များရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို မေလမှ ဇွန်လလယ်အတွင်း စိုက်ပျိုးကြပြီး အစေ့ထုတ်ပြောင်းမျိုးများဖြစ်သည့် CP-888၊ CP-858၊ CP-988၊ CP-999၊ ရေဆင်း-၂၊ ရေဆင်း-၃၊ ရေဆင်း-၄၊ ရေဆင်း-၅၊ ရေဆင်း-၁၂ နှင့် ဒေသမျိုးအဖြစ် ဧကရီ၊ သက်လတ်ရွှေဝါနှင့် တခြားမျိုးများ အနည်းငယ်စိုက်ပျိုးကြသည်။

ဒေသခံတောင်သူများ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့များပံ့ပိုးပေးပြီး သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကွင်းတာဝန်ခံဝန်ထမ်းများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းပညာဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေး၊



ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးအပြင် တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)

မြဝတီမြို့ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ သမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

မြဝတီ အောက်တိုဘာ ၁၈

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ အလှူရှင် ဒါယကာ၊ ဒါယိကာမများက ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခဲ့ကြသည်။

ထိုသို့ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်လှူဒါန်းရာ၌ အမှတ်(၅) ရပ်ကွက်နေ အလှူရှင် ခွန်ဖိုးမြိုင်မိသားစု၏ မတည်လှူဒါန်းမှုဖြင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း၊ ဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်း၍ ရွှေမြင်းဝန်ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ စေတီတော်များ၌ ဆီမီးထွန်းညှိပူဇော်ခဲ့ကာ ပရိတ်တရားတော်များ ရွတ်ဖတ်သရဏဂုံယပူဇော်ခဲ့ကြသည်။

ထို့နောက် မတည်အလှူရှင် ခွန်ဖိုးမြိုင်မိသားစု၏ လှူဒါန်းမှုဖြင့် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာအလှူဖြင့်ဧည့်ခံခဲ့ကြောင်း သိရှိရသည်။

(၄၀၆)

၂၀၂၆ ခုနှစ် တတိယအကြိမ်မြောက် မြန်မာ-တရုတ် (M. C.) သီချင်းဆိုပြိုင်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် အောက်တိုဘာ ၁၈

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းကိုပိုမိုမြှင့်တင်ရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ်အတွက် တတိယအကြိမ်မြောက် မြန်မာ-တရုတ် (M. C.) သီချင်းဆိုပြိုင်ပွဲ၏ တစ်နိုင်ငံလုံးဆိုင်ရာ ဗိုလ်လုပွဲ၊ ဂုဏ်ပြုဖျော်ဖြေပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို အောက်တိုဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုဗဟိုဌာနနှင့် အမျိုးသားဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

"ရွှေပြည်မြေ၊ မြင့်မားသော အိပ်မက်များ" (Golden Land, Soaring Dreams) ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့သော ယခုနှစ်ပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ တာချီလိတ်၊ မြစ်ကြီးနာ၊ မြိတ်၊ နေပြည်တော်နှင့် ထားဝယ်စသည့် ပြိုင်ပွဲဒေသ ၅ နိုင်ငံလုံး အတိုင်းအတာဖြင့် ပါဝင်ယှဉ်ပြိုင်သူ စုစုပေါင်း ဦးရေ ၂၇၀၀၀ အထိ ရှိခဲ့ပြီး ယခင်နှစ်ထက် ၂၀၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ တရုတ်သီချင်းချစ်မြတ်နိုးသူများ၏ ထက်သန်တက်ကြွစွာပါဝင်အားပေးမှုကိုရရှိခဲ့သည်။



ပြိုင်ပွဲတွင် ကဏ္ဍ (၅) ရပ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်များနှင့် တိကျသေချာသော စိစစ်အကဲဖြတ်မှုများအပြီးတွင်ကလေးအမျိုးအစား (တစ်ဦးချင်း) ဝမ်ကျုံချောင် (Wang Zhongchao)၊လူငယ်အမျိုးအစား (တစ်ဦးချင်း) ကွမ်းရောင်လီ (Kuang Shuangli)၊လူကြီးအမျိုးအစား (တစ်ဦးချင်း)လုယီရှင်း (Luo Yixing)၊ လူငယ်အဖွဲ့လိုက် အမျိုးအစား The Four Singers အဖွဲ့၊လူကြီးအဖွဲ့လိုက် အမျိုးအစား:တွင် Group of Shining Stars အဖွဲ့တို့က ချန်ပီယံဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက စီစဉ်ကျင်းပပြီး မြန်မာဘိုဝမ်ကျောင်းမှ ပူးတွဲစီစဉ်ကာ ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုဗဟိုဌာန (CCCYGN) နှင့် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းတို့က ပံ့ပိုးကူညီခဲ့ကြသည်။ ထို့ပြင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော ELBC ကျောင်း၊ GESC၊ မြန်မာနိုင်ငံရှိ ယူနန်ကုန်သည်များအသင်းနှင့် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ကလည်း အဓိကပါဝင် အားဖြည့်ပေးခဲ့ကြသည်။

ပြိုင်ပွဲဇုန် (၉) ခုမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဒေသဆိုင်ရာအဖွဲ့အစည်း (၁၂) ခုကိုလည်း "ထူးချွန်စွာစီစဉ်ကျင်းပမှုဆု" (Excellent Organization Award) ကို အသီးသီးချီးမြှင့်ခဲ့ကြောင်းသိရသည်။ **လင်းခန့်**

➡ **ရှေ့ဖုံးမှအဆက်**

ပြောကြားသည်။

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ဒေသတစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ရာသီဥတုနှင့် ရေမြေသဘာဝတူညီသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဆီအုန်းနှင့် ရော်ဘာအပြင် ဒူးရင်းကို အောင်မြင်အောင်တိုးချဲ့စိုက်ပျိုးရန်၊ အထွက်နှုန်းလျော့နည်းကျဆင်းသည့် သက်တမ်းရင့် စိုက်ခင်းများကို မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုးပြန်လည်စိုက်ပျိုးရန်နှင့် ကော်ဖီနှင့် ကိုကိုးကိုသီးညှပ်စိုက်ပျိုးရန်နှင့် တိရစ္ဆာန်အစားအစာဖြစ်သည့် အစေ့ထုတ်ပြောင်းကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထွက်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသည့် စိုက်ပျိုးမွေးမြူရေးမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ပြည်နယ်အလိုက် ကဏ္ဍစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ မူးယစ်ဆေးဝါး၊ တရားမဝင်ကုန်သွယ်မှုနှင့်အွန်လိုင်းလောင်းကစားလိမ်လည်မှုများလျော့နည်းကျဆင်းပြီး ကင်းစင်သွားသည်အထိပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ၊ ကုန်စည်စီးဆင်းမှု လုံခြုံရေးနှင့် မြန်ဆန်ချောမွေ့ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ၊ ပြည်နယ်အတွင်း ဆန်နှင့် ဆီဖူလုံမှုရှိရေးအခြေအနေများ၊ KG+9 ပညာရေးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံတက်ရောက်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးသက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ ဌာနအလိုက် e-government လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက်အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ်ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတို့က ပြည်နယ်ဆိုင်ရာ အချက်အလက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ရုံးအသီးသီးရှိ တွေ့ဆုံပွဲများတွင် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဒေသဖွံ့ဖြိုးမှု၊ ဓာတ်မြေဩဇာဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSME ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ ပရီစီရှင်းအော်တိုအင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ သုံးဘီးယာဉ်များတပ်ဆင်ထုတ်လုပ်နေမှုနှင့် အဲရိုး အော်တို အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများတပ်ဆင်ထုတ်လုပ်နေမှု၊ အရည်အသွေးစမ်းသပ်တိုင်းတာနေမှုတို့ကိုလည်းကောင်း၊ ရှိုင်းထူး လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံ၏ ခေတ်မီလယ်ယာသုံးစက်များ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များ စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ ကွန်ပျူတာနှင့် အားကစားပညာရပ်များလေ့ကျင့်သင်ယူနေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ရှိ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်း၏ အဆင့်မြင့်ဆန်စက်နှင့် စပါးအခြောက်ခံစက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့နံနက် ၃ နာရီ၅၅ မိနစ် ၁၀ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်တာက် ၆၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပန်ဆန်းမြို့၏ အနောက်တောင်ဘက် ၆ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၁၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃.၅(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**

ပဲဇွန်တောင်ဈေးဌ ကွန်တိန်နာဘောက်ဖြင့် ဈေးရောင်းချနေမှုအား ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပဲဇွန်တောင်မြို့နယ် ပဲဇွန်တောင်ဈေးဌ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများကိုယ်တိုင် ကွန်တိန်နာဘောက်ဖြင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချနေမှုကို အောက်တိုဘာလ ၁၈ ရက်တွင် ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုသည်။

ထိုသို့ ကွန်တိန်နာဘောက်ဖြင့် ဈေးရောင်းချနေမှုကို ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ အတွင်းရေးမှူး ဦးချိုထွန်းအောင်၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနမှူး ဦးညီညီဦးနှင့် တာဝန်ရှိသူများသည် လိုက်လံကြည့်ရှုအားပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်ဈေးဖြစ်သော ပဲဇွန်တောင်ဈေးအတွင်း စိုက်ပျိုးမွေးမြူထုတ်လုပ်သူများကိုယ်တိုင် ကွန်တိန်နာဘောက်ဖြင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချပေးနေခြင်းဖြစ်ပြီး ကုန်ဈေးနှုန်းကျဆင်းရေးအတွက် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများကိုယ်တိုင် ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ၊ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



စုယဉ်ချစ်(ပြန်/ဆက်)

မြန်အောင်မြို့နယ်၌ ငါးကွမ်းရှုပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေ

မြန်အောင် အောက်တိုဘာ ၁၈

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ငါးကွမ်းရှုပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်၌ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခိုင်ဌေး၏ ပြောပြချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ ငါးကွမ်းရှုပ်ခြောက်များအပါအဝင် ငါးခြောက်များကို စနစ်တကျထုတ်လုပ်ကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ လက်ရှိအချိန်ထိ ငါးကွမ်းရှုပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှုပ်ခြောက်များ တစ်ရက်လျှင် ပိသာ ၁၅၀၀ မှ ၂၅၀၀ ခန့် အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ငါးကွမ်းရှုပ်ခြောက်တွေအရောင်းအဝယ်ကောင်းနေပါတယ်။ အခုလပထမပတ် လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ။ ငါးကွမ်းရှုပ်ခြောက်ဈေးကလည်း အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် ငါးကွမ်းရှုပ်ခြောက်တွေအပါအဝင် ငါးခြောက်တွေကို ဒေသအစုံက ဝယ်လိုအားကောင်းလာတာပါ” ဟု ဒေါ်ခိုင်ဌေး ကပြောသည်။

မြန်အောင်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးကွမ်းရှုပ်ခြောက်များ အပါအဝင် ငါးပိ၊ ငါးခြောက်များပြုလုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

ဝါစိုက်တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

မင်းလှ အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါစိုက်တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို အောက်တိုဘာလ ၁၈ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမျူးစိန်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှနှင့် အဖွဲ့ဝင်များက ဝါစိုက်ဧကလျော့နည်းမှုမရှိစေရေး၊ မိမိတို့စိုက်ပျိုးမြေတွင် သီးနှံကို မှန်ကန်စွာစိုက်ပျိုးပြီး မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် တစ်နှစ်ထက်တစ်နှစ် စိုက်ဧကများတိုးပွားအောင် စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသည်။


ဆက်လက်၍ မြို့နယ်ဆိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှုနှင့်ပတ်သက်၍ စာချုပ်ပါစည်းကမ်းချက်များနှင့် ချေးငွေသက်တမ်းကာလကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တောင်သူများအား အယ်လ်နီညှိဖြစ်စဉ်အတွင်း စိုက်ခင်းများအား ကြိုတင်ကာကွယ်ရန် သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါစိုက်ပျိုးစရိတ်ချေးငွေများကို ပန်းတော်ပြင်ကျေးရွာအုပ်စု၊ မယ်ဇလီတောကျေးရွာအုပ်စု၊ ရေခါးကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ၏ စိုက်ပျိုးမြေ ၃၁၁ ဧကအတွက် တစ်ဧကလျှင် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၉၃၃ သိန်းကို အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေသက်တမ်းကာလ ခုနစ်လအတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်း



ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

Thai Expo Yangon 2026 ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Convention Centre (YCC) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ထိုင်းကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အစားအသောက်နှင့်ဖျော်ရည်များ၊ အလှကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စက်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများ၊ ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ခရီးသွားလုပ်ငန်းနှင့်ဝန်ဆောင်မှုများ ပါဝင်ပြသရောင်းချမည်ဖြစ်သည်။

ထိုင်းကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့၌ လေးကြိမ်တိုင်ကျင်းပခဲ့ပြီး ယခုငါးကြိမ်မြောက် ဈေးရောင်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကျင်းပမည်ဖြစ်သည်။

ယင်းကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် စီးပွားရေးနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ ဈေးကွက်ဦးဆောင်သူများ ပါဝင်ပြသကြမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသရောင်းချလိုသူများအနေဖြင့် ဖုန်း ၀၉-၉၇၀၇၃၃၂၄၄ နှင့် ၀၉-၂၅၄၂၇၇၃၅ တို့တွင် စုံစမ်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

သာစည် အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားသော လုပ်ငန်းများကို အောက်တိုဘာလ ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၇ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆည်ကြီးမြောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၀ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦးအတွက် ငွေကျပ် ၂၅ ဒသမ ၇၅ သန်း စုစုပေါင်း ၁၂၀ ဦးအတွက် ငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဗန်းမော်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၄၁၇ ဦးတို့အတွက် ဆန် ၂၄ ပြည်ပါ ၁၀၂ အိတ် ထောက်ပံ့ပေးအပ်

မြစ်ကြီးနား အောက်တိုဘာ ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်ကုန်းရပ်ကွက် အင်ဂျန်ခုံတောင်နယ်မြေ(၇) အတွင်း ဗန်းမော်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၄၁၇ ဦးတို့အတွက် ဆန် ၂၄ ပြည်ပါ ၁၀၂ အိတ်ကို ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည်။



အဆိုပါ ယာယီနေရပ်စွန့်ခွာ မိသားစုများကိုနေရာချထားပေးမည့် ဗန်းမော် Robert Camp စခန်းကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်ဦးခင်ထိန်နန်းကပြည်နယ် ဝန်ကြီးများနှင့်အတူ သွားရောက် တွေ့ဆုံ၍ ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

တွေ့ဆုံစဉ် စခန်းတာဝန်ခံက စခန်းသစ်တွင် ပြောင်းရွှေ့နေထိုင်ကြမည့် အိမ်ထောင်စုများအတွက် နေအိမ်အဆောက်အအုံများအကြား သဲကျောက်လမ်းခင်းပေးနိုင်ရေး၊ သောက်သုံးရေ၊ ချိုးရေလိုအပ်ချက်နှင့်မိသားစုများအတွက် လိုအပ်ချက်များတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့် ဆည်းဆောင်ရွက် ပေးပြီး အားပေးစကား ပြောကြားသည်။

ထို့အတူ သိက္ခာတော်ရဆရာတော်အတွက် ချီးမြှင့်ငွေများကို ပေးအပ်ပြီး အိမ်ထောင်စုများ၏ နေအိမ်များ တည်ဆောက်ထားရှိမှုနှင့် သဲကျောက်လမ်းခင်းပေးနိုင်ရေး၊ ရေစင်တည်ဆောက်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ သာသနာ့ဝန်ဆောင်မြို့ဥုးကျောင်းတိုက်၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယ ပါဠိပထမပြန်နိကာယ်စာမေးပွဲ ပိဋကတ်သုံးပုံ ပါဠိတော် မြန်မာပြန်စာမေးပွဲတို့၌ မြစ်ကြီးနား စာဖြေဌာနမှထူးချွန်စွာ ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များ၊ ဆရာလေးများနှင့် လူပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲသို့ တက်ရောက်သည်။

ချီးကျူးဂုဏ်ပြုပူဇော်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဆရာတော်သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက သာသနာရေးဝန်ကြီးဌာနမှလှူဒါန်းသော ကွန်ပျူတာစာစီမူပိဋကတ် သုံးပုံအဌကထာကျမ်းစာအုပ် ၅၁ အုပ်ကိုလည်းကောင်း လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဘွဲ့ရစာအောင်သံဃာ ၁၁ ပါး၊ ဆရာလေးငါးပါး တို့ကို ဘွဲ့တံဆိပ်တော်များ၊ ဝန်းသို့ကျောင်းတိုက်ဆရာတော်က စာအောင်လူပုဂ္ဂိုလ်များကို ဂုဏ်ပြုလွှာများ ဆက်ကပ်ပေးအပ်ပြီးပင့်သံဃာတော်ကြီးများ၊ စာချဆရာတော်များ၊ စာအောင်သံဃာများ၊ ရဟန်းသာမဏေများနှင့် သီလရှင်ဆရာလေးများကို ဆွမ်းဆန်တော်၊ လှူဖွယ်ဝတ္ထုများနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူပူဇော်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မကွေးဒေသရှိ MSMEs လုပ်ငန်းများ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

နေပြည်တော်အောက်တိုဘာ ၁၈

G.B.S Agricultural Services Co., Ltd. သည် မကွေးမြို့ ကန်လှကျေးရွာ ဒဟတ်ကန်အုပ်စုတွင်တည်ရှိပြီး စက်ရုံအနေဖြင့် တစ်ရက်လျှင် ဆီတန်ချိန် ၁၂ တန်ခန့်အား နေ့စဉ်ထုတ်လုပ်၍ ပြည်တွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကာ ဒေသတွင်း စားသုံးဆီလိုအပ်ချက်၏ ၉ ဒသမ ၁၂ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးနိုင်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရုံ၌ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအားကုန်ပစ္စည်း အမျိုးအစားအလိုက် အရောင်အသွေးခွဲခြားဆောင်ရွက်နေမှု၊ ဆီစက်တွင် ဆီကြိတ်ခွဲထုတ်လုပ်နေမှုအခြေအနေကို စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မကွေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆန်းညွှန့်အောင်နှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်နှင့် တွေ့ဆုံ၍ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ တာဝန်များနှင့် ပံ့ပိုးပေးရမည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယမန်နေ့ မွန်းလွဲပိုင်းက မကွေးဒေသရှိ စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်း အခြေပြု MSMEs လုပ်ငန်းများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ လည်ပတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မကွေးဒေသအား နိုင်ငံ့ဆီအိုးကြီးဟု တင်စားကြသည့်အတိုင်း မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးအောင်မြင်ပြီး ပြည်သူတို့၏ စားသုံးဆီလိုအပ်ချက်အား ဖူလုံအောင်ဖြည့်ဆည်းပေးနိုင်ရေး၊ ဆီစက်များအား အဆင့်မြှင့်တင်ပြီး လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်သွားရန်၊ မကွေးစက်မှုဇုန်အား စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပြီး စက်မှုဇုန်အတွက် လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် တပ်ဆင်သုံးစွဲမည့် အခြေအနေများကိုလည်း ယခုကတည်းကပင် ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ထို့ပြင် လယ်ယာနှင့် စက်မှုကဏ္ဍတို့တွင် အသုံးလည်း EV လုပ်ငန်းသုံးယာဉ်များကို အစားထိုးအသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်းမှာကြားသည်။

ထိုမှတစ်ဆင့် အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး)နှင့် MSMEs လုပ်ငန်းများဖြစ်သည့် မကွေးမြို့ရှိ Ko Myan နှမ်းလှော်မှုန့်စက်ရုံ၊ စူပါမင်းဆီစက်လုပ်ငန်းနှင့် မင်းဘူးမြို့ရှိ ရတနာဖြိုး ဝါစက်၊ ဆီစက်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး အသုံးပြုသည့်ယာဉ်များအတွက် RFID (Radio Frequency Identification Device) ပါဝင်သည့်စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲဆောင်ရွက်လျက်ရှိ



နေပြည်တော် အောက်တိုဘာ ၁၈

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အသုံးပြုသည့်ယာဉ်များအတွက် RFID (Radio Frequency Identification Device) ပါဝင်သည့်စနစ်သို့ အဆင့်မြှင့်တင် ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးပေါ်တွင် RFID ပါဝင်သည့်စနစ်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ၂၀၂၆ ခုနှစ်စက်တင်ဘာလ ၁၇ ရက်တွင်စတင်အသုံးပြုခဲ့ပြီး အောက်တိုဘာလ ၁၆ ရက်အထိ ကိုယ်ပိုင်ယာဉ် ၁၂၀၅ စီးနှင့်ခရီးသည်တင်ယာဉ် ၄၉၅ စီး စုစုပေါင်းအစီးရေ ၁၇၀၀ ကို တပ်ဆင်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ RFID Toll Pass စနစ်တပ်ဆင်ခြင်းများကို ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ အမှတ်(၃)လမ်းဆုံ၊ နေပြည်တော်ကောင်စီလမ်းဆုံနှင့် စကားအင်းလမ်းဆုံတို့တွင် တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အမှတ်(၃)လမ်းဆုံရှိ Toll Pass Station ၌ ခရီးသည်တင်မော်တော်ယာဉ်ကြီးများနှင့် ကိုယ်ပိုင်ယာဉ်များက Toll Pass Unit ဝယ်ယူ၍ Toll Pass RFID Sticker တပ်ဆင်မှုအခြေအနေ၊ အဆိုပါ စနစ်တပ်ဆင်ထားသော ယာဉ်မောင်းနှင့်ယာဉ်ပိုင်ရှင်များသည် My Toll Pass Mobile Application ကို အသုံးပြု၍ အမြန်လမ်းမကြီး တိုးဂိတ်အလိုက် မိမိဖြတ်သန်းမှုနှင့် ဖြတ်သန်းခပေးချေမှုဆိုင်ရာ အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည့်အခြေအနေကို အောက်တိုဘာလ ၁၆ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် သွားရောက် ကြည့် ရှု စစ် ဆေး ခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် RFID (Radio Frequency Identification Device) ပါဝင်သည့် စနစ်သို့ အဆင့်မြှင့်တင်၍ ပြောင်းလဲဆောင်ရွက်ပေးခြင်းဖြင့် မော်တော်ယာဉ်များသည် တိုးဂိတ်တွင် ရပ်တန့်စရာမလိုဘဲ Free flow ဖြတ်သန်းနိုင်သဖြင့် ငွေသားလေလွင့်ဆုံးရှုံးမှုများမရှိခြင်း၊ အချိန်ကုန်သက်သာခြင်းစသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ တိုးဂိတ်များတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းများပျက်စီးမှုနည်းပါးစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့ကို အသုံးပြုသည့်ဝန်ထမ်းများအနေဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် မိုင်တိုင် ၃၂/၃ မှ ၃၃/၃ကြားတွင် ၁၂ ပေ ၆ လက်မ အကျယ်၊ ၁ ပေ ၆ လက်မထူကွန်ကရစ် ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်မြေသားလုပ်ငန်းဆောင်ရွက် နေမှု၊ အမြန်လမ်းမကြီးတစ်လျှောက် Thermoplastic Road Paint ဖြင့် ဆေးလိုင်းဆွဲခြင်းလုပ်ငန်းဆောင်ရွက် နေမှု Box Culvert များပြုပြင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်ထိုင်အမှတ်(၁၆၅/၁-၁၆၅/၃)ကြားရှိ ဆွာချောင်းတံတား(အသွားလမ်း) တည်ဆောက်ရေးလုပ်ငန်းဆောင် ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ် သည့်အတွက် လုပ်ငန်းများ အရှိန် အဟုန်မပြတ်ကြိုးစားဆောင်ရွက် သွားရန်၊ သတ်မှတ်ချိန်အတွင်းပြီးစီး ရေး တာဝန်ရှိသူများက အနီးကပ် ကြီးကြပ် ဆောင် ရွက် သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°C	/	၃၄°C
ရန်ကုန်	၂၅°C	/	၃၂°C
မန္တလေး	၂၆°C	/	၃၆°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ဆေးဖက်ဝင် ဝါပင်အကြောင်း သိကောင်းစရာ

မြန်မာဆေးကျမ်းများတွင် ဝါပင်၏ဆေးဖက်ဝင်ပုံနှင့်ပတ်သက်၍ ဝါအဖူးသည် ချို၏။ အေး၏။ ဝဖြိုးစေ၏။ နို့ကိုပွားများစေ၏။ သည်းခြေရောဂါ၊ သလိပ်ရောဂါများကို ကင်းဝေးစေ၏။ ရေငတ်ခြင်းကိုငြိမ်းစေ၏။ စိတ်၏ပျံ့လွင့်ခြင်း၊သတိမေ့လျော့ခြင်းတို့ကို ကင်းဝေးစေ၏။ ဝါရွက်သည် လေရောဂါကိုနိုင်၏။ ဆီးကိုရွှင်စေ၏။ နားရောဂါနှင့် စပ်လျဉ်းသောရောဂါများကို ကင်းဝေးစေ၏။ ဝါပင်၏ အားလုံးသော အစိတ်အပိုင်းတို့သည် အရေပြားရောဂါကိုလည်းကောင်း၊ မွေ့၊ ကင်းအဆိပ်တို့ကိုလည်းကောင်း၊ သားအိမ်၌ ကိုက်ခဲခြင်းကိုလည်းကောင်း ပျောက်ကင်းစေနိုင်၏ဟု ဖော်ပြထားသည်။

- နို့ရည်မထွက်သော နို့တိုက်မိခင်များအတွက် ဝါရွက်သည် အလွန်အစွမ်းထက်လှသည်။ ဝါရွက်ကို အရိပ်တွင်ထား၍ခြောက်သွေ့စေပြီးနောက် အမှုန့်ပြုလုပ်ပါ။ ယင်းအမှုန့်ကို ကွမ်းသီးလုံးခန့် တစ်နေ့သုံးကြိမ် ရေနွေးဖြူဖြင့်သောက်ပါက နို့ရည်ထွက်စေသည်။ ဝါစေ့ကိုသန့်စင်အောင်ဆေးပြီး ပြုတ်၍သောက်ခြင်းသို့မဟုတ် ဝါစေ့မှုန့်ကို ဟင်းခါးချက်သောက်ခြင်းဖြင့် မိခင်နို့ရည်လှိုင်လှိုင်ထွက်စေသည်။
- ဝါစေ့အတွင်းရှိအဆန်ကိုသန့်စင်၍ကြိတ်ကာ ရလာသောအနှစ်ကို မီးလောင်ထားသောဒဏ်ရာများပေါ်တွင် လိမ်းပေးပါက ပူလောင်ခြင်းကို ချက်ချင်းသက်သာစေပြီး အနာကျက်မြန်စေသည်။ ထို့ပြင် ယင်းဝါစေ့အနှစ်ကို အနာစိမ်းများ၊ အဖုအကျိတ်များနှင့် အဆိပ်ရှိသတ္တဝါကိုက်ခဲသောဒဏ်ရာများပေါ်တွင် ကပ်ပေးပါက အဖုအကျိတ်များကြေစေပြီး အဆိပ်အတောက်များကို ပြယ်စေနိုင်သည်။
- ဆီးပူ၊ ဆီးအောင့်ရောဂါနှင့် ဆီးသွားသောအခါ နာကျင်ခြင်းဝေဒနာများအတွက် ဝါမြစ်ကို ရေဆေးကာ အချိန်ကြာကြာပြုတ်ပြီးသောက်ပါက သက်သာစေနိုင်သည်။
- ဝါပင်၏အရွက်ကိုပြုတ်သောက်ပါက ဆီးရွှင်စေပြီး သွေးပေါင်ချိန်ကိုမျှတစေကာ လေရောဂါများကို သက်သာစေနိုင်သည်။
- ဝါပွင့်ကို ပြုတ်၍သောက်သုံးပါက စိတ်မကြည်ခြင်းများကို လျော့ကျစေပြီး စိတ်ကိုလန်းဆန်းတက်ကြွစေသည်။
- ဦးနှောက်နှင့်အာရုံကြောအားနည်းခြင်းအတွက်ကိုလည်း ဝါစေ့အတွင်းသားအဆန်ကို နွားနို့နှင့်ရောစ၍ သောက်ပါက ဉာဏ်ရည်ကိုထက်မြက်စေပြီး ဦးနှောက်နှင့်အာရုံကြောကို အားကောင်းစေသည်။
- အနာစိမ်း၊ အနာစက်များအတွက် ဝါဂွမ်းကိုပြာချ၍ သိပ်ပေးပါက မြန်စွာအသားနုတက်ပြီး ပျောက်ကင်းစေသည်။
- ဓမ္မတာမမှန်ခြင်းအတွက် ဝါမြစ်၏အခေါက်ကို ပြုတ်၍သောက်ပေးပါက ဓမ္မတာမှန်စေပြီး ဓမ္မတာလာစဉ် ကိုက်ခဲမှုဝေဒနာများကို သက်သာစေနိုင်သည်။
- မီးယပ်အဖြူဆင်းခြင်းအတွက် ဝါမြစ်ကိုဆန်ဆေးရည်နှင့် သွေး၍တစ်နေ့နှစ်ကြိမ် သောက်သုံးပေးခြင်းဖြင့် အမျိုးသမီးများ မီးယပ်အဖြူဆင်းသည့်ဝေဒနာကို သက်သာပျောက်ကင်းစေနိုင်သည်။
- အသားမာနာနှင့် သွေးစုနာများတွင် ဝါစေ့ကိုကြိတ်၍ မီးကင်ပြီး အပြဲားကလေးများပြုလုပ်၍ အနာပေါ်အုံပေးခြင်း၊ ကပ်ပေးခြင်းတို့ပြုလုပ်ပေးပါက အနာနုလျှင်ပိန်ပြီး အနာရင့်ပါက ပြည်ပေါက်စေသည်။
- အသားဝါရောဂါအတွက် ဝါစေ့ ၆ ပဲသားကို ညပိုင်းတွင် ရေစိမ်ထားပြီး နံနက်ပိုင်းတွင် ယင်းဝါစေ့များကိုကြိတ်ပြီး ဆားအနည်းငယ်ထည့်၍သောက်ပါက သက်သာပျောက်ကင်းစေသည်။

ရှေးအခါက ဝါဂွမ်းအား အဝတ်အထည်ရက်လုပ်ရာတွင်သာ အသုံးပြုကြပြီး ဝါဂွမ်းအတွင်း၌ပါရှိသော ဝါစေ့အား စွန့်ပစ်ပစ္စည်းအဖြစ်သာ

■ မြန်မာဆေးကျမ်းများတွင် ဝါပင်၏ဆေးဖက်ဝင်ပုံနှင့် ပတ်သက်၍ ဝါအဖူးသည် ချို၏။ အေး၏။ ဝဖြိုးစေ၏။ နို့ကိုပွားများစေ၏။ သည်းခြေရောဂါ၊ သလိပ်ရောဂါများကို ကင်းဝေးစေ၏။ ရေငတ်ခြင်းကိုငြိမ်းစေ၏။ စိတ်၏ပျံ့လွင့်ခြင်း၊ သတိမေ့လျော့ခြင်းတို့ကို ကင်းဝေးစေ၏။ ဝါရွက်သည် လေရောဂါကိုနိုင်၏။ ဆီးကိုရွှင်စေ၏။

လူသိများကြသည်။ ထိုစွန့်ပစ်သည့်ဝါစေ့တွင် လူ့ခန္ဓာကိုယ်အကျိုးပြုဓာတ်များစွာပါရှိနေကြောင်းကို နိုင်ငံတကာကျန်းမာရေးသုတေသီများက လေ့လာတွေ့ရှိခဲ့သည်။ ဝါစေ့ဆီသည် လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ပြည့်ဝဆီနှစ်မျိုးဖြစ်သည့် Oleic နှင့် Linoleic တို့ပါရှိသည့် အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။

ဆေးဖက်ဝင်အကျိုးကျေးဇူးများနှင့် အာဟာရဓာတ်များစွာ ပါရှိသကဲ့သို့ အိမ်သုံးနှင့်ကျန်းမာရေးအတွက် ထိရောက်စွာအသုံးပြုနိုင်သော နည်းလမ်းများရှိသည်။ သို့ပါ၍ ဝါစေ့ဆီ၏ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများနှင့် ဆေးဖက်ဝင်အသုံးပြုပုံများကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

- ဝါစေ့ဆီတွင် ဗီတာမင်-E၊ ဗီတာမင်-K၊ Palmitic အက်စစ်နှင့် သဘာဝဓာတ်တိုးဆန့်ကျင်ဝစ္စည်းတို့လည်း ပါဝင်နေသဖြင့် ယင်းဓာတ်ပစ္စည်းတို့က လူ့ခန္ဓာကိုယ်တွင်းရှိ မလိုလားအပ်သော အဆီများကို ပျော်ဝင်ဖယ်ရှားပေးနိုင်သည့်အပြင် သွေးခဲမှုကိုလည်း သက်သာစေသည်။
- ဝါစေ့ဆီတွင် မပြည့်ဝဆီပါဝင်မှုများသောကြောင့် ခန္ဓာကိုယ်အတွင်းရှိ မကောင်းသောကိုလက်စထရော (LDL) ကို လျှော့ချပေးပြီး နှလုံးရောဂါဖြစ်ပွားမှုအလားအလာကို လျော့နည်းစေသည်။
- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သဖြင့် ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုများကို သက်သာစေပြီး ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးသည်။
- ဝါစေ့ဆီတွင် Omega-3 နှင့် Omega-6 Fatty Acid များ ပါဝင်သောကြောင့် အဆစ်အမျက်ရောင်ရမ်းခြင်း၊ ကိုက်ခဲခြင်းများကို လျှော့ချပေးနိုင်သည်။ အဆစ်အမျက်နှင့် ကြွက်သားကိုက်ခဲခြင်းအတွက် ဝါစေ့ဆီကို အနည်းငယ်နွေးအောင်ပြုလုပ်၍ ကိုက်ခဲရောင်ရမ်းနေသောအဆစ်အမျက်များ သို့မဟုတ် ကြွက်သားများပေါ်တွင် လိမ်း၍နှိပ်နယ်ပေးပါက သွေးလှည့်ပတ်မှုကောင်းမွန်စေပြီး နာကျင်မှုကို သက်သာစေသည်။
- ဝါစေ့ဆီတွင် ဗီတာမင်-E ကြွယ်ဝစွာပါဝင်သောကြောင့် အသားအရေစိုပြည်လှပစေပြီး အသားအရေပွန်းပဲ့ခြင်း၊ ခြောက်သွေ့ယားယံခြင်း သို့မဟုတ် ဒဏ်ရာဟောင်းများအတွက် ဝါစေ့ဆီအနည်းငယ်ကို ဂွမ်းစဖြင့်တို့ယူ၍ လိမ်းပေးနိုင်သည်။
- ဆံကေသာထိန်းသိမ်းရန်အတွက် ခေါင်းမလျှော်မီ တစ်နာရီအလိုတွင် ဝါစေ့ဆီကို ဦးရေပြားနှင့် ဆံပင်အဖျားများကို ထည့်ပေးပြီးမှ ခေါင်းလျှော်ပါက ဆံပင်ကြမ်းခြင်းနှင့် ဆံပင်နှစ်ခွဖြစ်ခြင်းကို သက်သာစေသည်။
- ခြင် သို့မဟုတ် အင်းဆက်များကိုက်ခံရ၍ ယားယံပါက ဝါစေ့ဆီလိမ်းပေးခြင်းဖြင့် ယားယံမှုကို သက်သာစေသည်။

ဝါပင်သည် ကောက်ပဲသီးနှံအုပ်စုတွင်မပါဝင်ဘဲ လူသုံးကုန်အထည်အလိပ်အတွက် အဓိကစိုက်ပျိုးကြခြင်းဖြစ်သောကြောင့် စိုက်ပျိုးရာတွင် ဓာတုပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲလေ့ရှိခြင်းကြောင့် စနစ်တကျသန့်စင်မထားသော ဝါစေ့ဆီများတွင် ဓာတုပိုးသတ်ဆေးအကြွင်းအကျန်များပါရှိနိုင်သည့်အတွက် ရေရှည်တွင် ကင်ဆာနှင့် ဟော်မုန်းမမျှတမှုပြဿနာများ ဖြစ်စေနိုင်သည်။ မသန့်စင်ရသေးသော ဝါစေ့ဆီအကြမ်းကို လုံးဝမစားသင့်ပေ။ အထူးသတိပြုရန်မှာ မသန့်စင်ရသေးသောဝါစေ့ဆီတွင် Gossypol ခေါ် သဘာဝအဆိပ်အတောက်ဖြစ်စေနိုင်သည့်ဓာတ်ပါဝင်တတ်သည်။ ထို့ကြောင့် ဆေးဖက်ဝင်အဖြစ် သို့မဟုတ် စားသုံးဆီအဖြစ် အသုံးပြုမည်ဆိုပါက သန့်စင်ပြီးသားဆီကိုသာ အသုံးပြုသင့်သည်။ စက်ရုံများတွင် ဓာတုဗေဒနည်းအရ သေချာသန့်စင်ထားသောချက်ပြုတ်ဆီများတွင်မူ Gossypol အဆိပ်အတောက်ကင်းစင်သလောက်ရှိသော်လည်း မိမိကိုယ်တိုင် ကြိတ်ယူထားသော ဝါစေ့ဆီအကြမ်းများကိုမူ ဆေးဝါးဖြစ်စေ၊ အစားအစာဖြစ်စေ ချက်ပြုတ်စားသောက်ခြင်းများကို ရှောင်ကြဉ်သင့်သည်။

ပြင်းထန်သော ရောဂါဝေဒနာများအတွက် မိမိသဘောဖြင့် အလွန်အကျွံသုံးစွဲခြင်းမပြုဘဲ ကျွမ်းကျင်သည့်တိုင်းရင်းဆေးဆရာများနှင့် သေချာစွာတိုင်ပင်ပြီးမှသာ စနစ်တကျဖော်စပ်သောက်သုံးသင့်သည်။

ဝါစေ့ဆီတွင် ပြည့်ဝဆီနှင့် Omega-6 Fatty Acid ပါဝင်မှုများသဖြင့် အလွန်အကျွံစားသုံးပါက သွေးတွင်းကိုလက်စထရောတက်စေနိုင်ပြီး ခန္ဓာကိုယ်တွင် ရောင်ရမ်းမှုများဖြစ်စေနိုင်သောကြောင့် သင့်တင့်မျှတစွာ စားသုံးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ဝါပင်၏ အရွက်၊ အပွင့်၊ အစေ့၊ အမြစ်၊ အခေါက်တို့အား သင့်တင့်မျှတစွာသုံးတတ်လျှင် အဘက်ဘက်မှ ဆေးဖက်ဝင်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပေါက်ပေါက်

ရွှေတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ရွှေတောင် အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော တောင်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၁၇ ရက်က မယားမာန်လူထုအခြေပြု တောင်သူပညာပေးရေးတန်းစခန်း၌ ဆောင်ရွက်သည်။

အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ဒေသခံတောင်သူများအား အယ်လ်နီညိုဖြစ်စဉ်သည် စိုက်ပျိုးရေးကဏ္ဍအပေါ် သိသိသာသာသက်ရောက်မှုရှိပြီး သီးနှံအထွက်နှုန်းလျော့ကျခြင်းနှင့် စားရေရိက္ခာဖူလုံမှုကို ခြိမ်းခြောက်ခြင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရန်၊ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းကျဆင်းမှုမရှိစေရန်၊ အယ်လ်နီညိုအန္တရာယ်သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ကိုင်ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။



ထို့နောက် တက်ရောက်လာကြသည့် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ရမည့်အချက်များ၊ တောင်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များ စသည့်အကြောင်း အရာများပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပနိုင်ရေးနှင့် မီးပုံးပျံလွှတ်တင်မည့် ကွင်းနေရာများကြည့်ရှုစစ်ဆေး

ညောင်ဦး အောက်တိုဘာ ၁၈

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပမည့် ရွှေစည်းခုံစေတီတော်ကြီးနှင့် အလိုတော်ပြည့်ဘုရား အနီးရှိ ကွင်းပြင်ကျယ်နှင့် မီးပုံးပျံလွှတ်တင်နိုင်ရေးကွင်းပြင်ကျယ် ဆောင်ရွက်ထားရှိမှုတို့အား အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပမည့် အလိုတော်ပြည့်ဘုရား ဆီမီးထွန်းညှိပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် မီးပုံးပျံလွှတ်တင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ MSMEs ဈေးဆိုင်ခန်းများ၊ ဟိုတယ်နှင့် ခရီးသွားဥာဏ်ကြားမှု ဦးစီးဌာနက စီစဉ်ဆောင်ရွက်သည့် ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချမည့် နေရာများအား စီစဉ်ဆောင်ရွက်နိုင်ရေးကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေစည်းခုံဘုရားကြီး တောင်ဘက်စောင်းတန်း မီးအလှဆင် ဆောင်ရွက်နိုင်ရေးနှင့်သီတင်းကျွတ်မီးထွန်းပွဲတော် မုခ်ဦးတည်ဆောက်မည့် နေရာ ရွေးချယ်သတ်မှတ်ပြီး ရွှေစည်းခုံဘုရား ရင်ပြင်တော်ပေါ်၌ ဆီမီးပူဇော်နိုင်ရေး၊ ဘုရားကြီး တောင်ဘက်ကွင်းပြင်ကျယ်တွင် မြန်မာ့ရိုးရာမုန့်ဈေးများရောင်းချနိုင်ရေးနှင့် ဖျော်ဖြေရေးအစီအစဉ် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ဒီပါလင်း

ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု ၄၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး

ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၈

မကွေးတိုင်း ဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လယ်ယာဧကများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ စည်ပင်လှကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ၄၀ ရာခိုင်နှုန်း ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် စည်ပင်လှကျေးရွာ၌ အရှည် ၁ မိုင် ၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ခွလက်မရှိကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ Pipe Culvert ကုန်ထုတ် တံတားလေးစင်းတည်ဆောက်နေမှု အခြေအနေများကို စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီ



ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၃ ဒသမ ၇ သန်းဖြင့် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက ယခုနှစ် ဇူလိုင်လ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ချိုသန်းညွှန့်(ကျေးလက်)**

သာစည်မြို့နယ်၌ အမျိုးသား(အလွတ်တန်း)ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲဖွင့်လှစ်

သာစည် အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ အမျိုးသား(အလွတ်တန်း)ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၇ ရက်တွင် မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင် အသင်းများက ကွင်းအတွင်းနေရာယူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်



အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်ကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထွန်းဦးနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

ရိုးဂုဏ်

❖ ကိုယ့်ကိုယ်ကိုယ် မြဲနှိမ့်ချ
ရိုသေကြ ကြီးသူကို။
ရွယ်တူဆို အလေးထား
လေးစားကြည်ညိုု။
ငယ်သူကို
သနားပို ကြင်နာပွား။
မြဲလိုက်နာ စဉ်သတိ
နီတိစကား။

❖ မလိမ်ညာ မလှည့်ဖြား
ရိုးရိုးသား စကားဆို။
ပြော ပြု ကြံ အမှားမလိုက်
ဘုရားကြိုက်ဖို့လို။
လူ့လောက ဝန်းကျင်ကို
ကောင်းကျိုးပို ပြုနိုင်ရေး။
မကောင်းမှုတွေ ဖယ်ရှားလို့
ကောင်းမှုတွေ တကယ်ပွား
စိတ်ထားဖြူဖွေး။

❖ ဆင်းရောင်စုံ မခြယ်သ
စံပယ်လှ ဘော်ငွေရည်။
အရိုးခံ အဖြူတိုင်းမို့
လူတိုင်းချစ်သည်။
ရိုးဂုဏ်နဲ့ အဖြူထည်
ကောင်းနာမည် ရှိပါက။
စံပယ်လို ရနံ့လိုင်း
လူတိုင်းချစ်ကြ။

❖ တစ်သက်တာ ဘယ်သို့စား
စားလို့ဖြင့် ဘယ်မကုန်
တောင်သို့နယ်ပုံ။
ဤသည့်ဂုဏ်
ပျက်မိတုံ ပုပ်နံ့လှောင်း။
ဤသည့်ဂုဏ်
ရှိပါတုံ မွှေးနံ့ကောင်း။
ရာသက်ပန် မပျက်ကိန်းအောင်
ထိန်းစောင့်သင့်ကြောင်း။ ။

မောင်ယုလွင်(သပြေ)



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့မဈေးကြီး၌ အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမင်းခိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းသစ်နှင့် တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုစစ်ဆေးစဉ်။ (၆၀၈)

MWD Variety Channel

၁၉-၁၀-၂၀၂၆ (တနလာနေ့)

၁။	၁၀:၅၀	Countries of the World
၂။	၁၂:၃၀	ပေးချမကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၃။	၁၆:၅၀	စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၄။	၂၁:၂၀	Knowledge Note

ကလေးငယ်များ ကျောင်းတွင်းဉာဏ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ဒေးဒရဲ အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် လူမှုဝန်ထမ်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်နှင့် ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျောင်းတွင်းဉာဏ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာလ ၁၈ ရက်တွင် ဒေးဒရဲမြို့ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က ကလေးများ အာဟာရပြည့်ဝစေရေးနှင့် ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းတွင်း ဉာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ မူလတန်းကြိုကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်း ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အဖွဲ့လိုက်သီချင်းဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မူမူထွန်း၊



မြို့နယ်ဦးစီးအရာရှိ ဒေါ်နီနီမြင့် များ ချီးမြှင့်ပေးအပ်ကြောင်း နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆု သိရသည်။ **ရန်ကင်း**

လျှပ်စစ်ဓာတ်အား လိုင်းသွယ်တန်းခြင်း လုပ်ငန်းများစစ်ဆေး

မြန်အောင် အောက်တိုဘာ ၁၈

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် သစ်ဆိမ့်ပင်ကုန်းကျေးရွာ၌ ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သစ်ဆိမ့်ပင်ကုန်း ကျေးရွာ၌ ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း အရှည်ပေ ၁၂၀၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား လုပ်ငန်းအားလုံး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ကြရန်ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သန်းသန်းစိုး

စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများအတွက် စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး

ဖောင်းပြင် အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုဂံတောင်ကျေးရွာ၌ (၁၂)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၇ ရက်က ဆောင်ရွက်သည်။

ထိုသို့ချေးငွေများထုတ်ချေးပေးရာတွင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းညွှန့်က အသင်းသား၊အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ကျေးလက်ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ပုဂံတောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၇၉၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဖောင်းပြင်မြို့နယ် ပုဂံတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၇၉၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချစ်ဦးကို

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ လက်တွေ့မီးငြှိမ်းသတ် သရုပ်ပြခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်



ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် စည်ပင်သာယာဧရိယာများအတွင်းရှိဈေးသူ၊ဈေးသားများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးငြှိမ်းသတ်နည်းအသိပညာများရရှိစေရန်ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို အောက်တိုဘာလ ၁၇ ရက်က သာကေတမြို့နယ် အမှတ်(၂)ဈေး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းက မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းများနှင့် ကာကွယ်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်နှင့် မီးငြှိမ်းသတ်နည်းအဆင့်ဆင့်၊ မီးသတ်စက်နှင့် မီးငြှိမ်းသတ်ရေးယာဉ်များဖြင့် အရေးပေါ်မီးငြှိမ်းသတ်နည်းအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနဦးဆောင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဈေးအတွင်းမီးဘေးလုံခြုံရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံစစ်ဆေးကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြခြင်းဆောင်ရွက်ရာသို့ ဈေးကော်မတီဝင်များနှင့် ဈေးသူ၊ ဈေးသားများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ကြက်သွန်နီစိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများ ကြိုတင်ပြင်ဆင်

ဆိပ်ဖြူ အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီစိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများအနေဖြင့် ကြက်သွန်နီမျိုးများ ကြိုတင်ပြင်ဆင်လျက်ရှိသည်။

ဆိပ်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူများက ကိုင်း၊ လယ်ယာမြေနှင့် သောင်မြေတို့၌ ကြက်သွန်နီကို အဓိကထား စိုက်ပျိုးကြရာ လက်ရှိတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် ကြက်သွန်နီမျိုးများ ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ ထိုသို့ ပြင်ဆင်ခြင်းကို နှစ်စဉ် အောက်တိုဘာလတွင် ပြုလုပ်လေ့ရှိသည်။

ကြက်သွန် စိုက်ပျိုးရာတွင် အဓိကအားဖြင့် ကြက်သွန်နီ ကြမ်းကျွံမျိုးနှင့် ဇော်မွာမျိုးတို့ကို စိုက်ပျိုးကြပြီး ကြက်သွန်နီ တစ်ဧကလျှင် ကြက်သွန်နီဥသေး မျိုး ပိဿာ ၂၅၀ ခန့် စိုက်ပျိုးနိုင်သည်။

ထို့ပြင် ကြက်သွန်နီစိုက်ပျိုးရန် မျိုးဝယ်ယူမှုကုန်ကျစရိတ်အပြင် စိုက်ပျိုးမြေပြုပြင်ထွန်ယက်ခြင်း၊ သွင်းအားစုမြေဩဇာစရိတ်၊ ရေသွင်းစရိတ်နှင့် လုပ်သားစရိတ်တို့ ထပ်မံကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ကိုဇွဲ(အညာမြေ)

ဘိုကလေးမြို့နယ်၌ ဒေသထွက် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

ဘိုကလေး အောက်တိုဘာ ၁၈

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ဒေသထွက် နေလှန်းဆား ဝယ်လိုအားကောင်းပြီး ပိဿာအများအပြား အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူသူအောင်၏ ပြောကြားချက်အရ သိရသည်။

ဘိုကလေးမြို့နယ်၌ ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ နေလှန်းဆား ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"နေလှန်းဆားအရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဒီကာလက ငါးပိ၊ ငါးခြောက်ပြုလုပ်တဲ့ အချိန်ဆိုတော့ ဆားအရောင်းအဝယ်ကောင်းလာတာပါ။ လတ်တလောမှာ တစ်ရက်ကို နေလှန်းဆား ပိဿာ ၂၅၀၀ ကနေ ၄၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်" ဟု ဒေါ်သူသူအောင်က ပြောသည်။

ဘိုကလေးမြို့နယ်၌ ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်ထုတ်လုပ်သည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

သုတကျော်



⇨ ကျော်ဖုံးမှအဆက်

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတဒေါ်နန်းနီနီအေးနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားနှင့် ဘာသာရပ်များအလိုက် ပြိုင်ပွဲများကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသား စာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တည်ခိုရေးစခန်းတို့သို့သွားရောက်၍ အခမ်းအနားအစီအစဉ်အလိုက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲအမျိုးအစားများအလိုက် ပြိုင်ပွဲဝင်များ စိတ်အေးချမ်းသာစွာဖြင့် အနုပညာစွမ်းရည်များ ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရန်အတွက် ခန်းမများ၊ မီး/အသံစနစ်၊ နေရာထိုင်ခင်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အကဲဖြတ်ဒိုင်လူကြီးများအမှတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေး စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

ထို့သို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ဖွင့်ပွဲအခမ်းအနားသည် ပြိုင်ပွဲကြီးတစ်ခုလုံး၏ ပုံရိပ်ဖြစ်သဖြင့် အခမ်းအနားအစီအစဉ်များ၊ အသံ/မီး စနစ်နှင့် နောက်ခံ LED Display များ စနစ်တကျဖြစ်စေရေး၊ ဖျော်ဖြေရေးအဖွဲ့များစနစ်တကျ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ရန်၊ အခမ်းအနားတက်ရောက်ကြမည့် ဧည့်သည်တော်များ နေရာချထားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရာတွင် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ခန်းမများအတွင်း လေအေးပေးစနစ်နှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲမပြတ်စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

နေပြည်တော်တည်ခိုရေးစခန်း၊ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂)သို့ရောက်ရှိစဉ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်အဖွဲ့များနှင့် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများ၏ နေထိုင်စားသောက်မှုအဆင်ပြေချောမွေ့စေရေးအတွက်အိပ်ဆောင်များ၊ စားရိပ်သာ၊ စားသောက်ဆိုင်များနှင့် လူသုံးကုန်အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆပ်ကော်မတီများအလိုက်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် ရေ၊ မီးလုံလောက်စွာရရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များကို စနစ်တကျကျွေးမွေးနိုင်ရေး၊ အယ်လ်နီညိုရာသီဥတုအရှိန်ကြောင့်နေ့ရက်အလိုက်အပူအအေးမမျှတခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများနှင့်ကြုံတွေ့ရနိုင်သဖြင့် ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် ဒိုင်အဖွဲ့များ ကျန်းမာရေးတစ်စုံတစ်ရာ ထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုစီမံထားရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဇာတ်တော်ကြီး ပြိုင်ပွဲကျင်းပမည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံသို့သွားရောက်၍ လဟာပြင်ကဇာတ်ရုံအတွင်း ဇာတ်တော်ကြီးပြိုင်ပွဲ ကပြယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ထားရှိမှု၊ အကဲဖြတ်ဒိုင် လူကြီးများနှင့် လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအတွက် နေရာထိုင်ခင်း စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ဇာတ်တော်ကြီးပြိုင်ပွဲသည် မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာအဆင့်အတန်းကို ဖော်ညွှန်းသည့် ပြိုင်ပွဲကြီးဖြစ်သဖြင့် ပြိုင်ပွဲဝင်အဖွဲ့များ၏ အနုပညာစွမ်းရည်များအား အပြည့်အဝဖော်ထုတ်ကပြယှဉ်ပြိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံကို စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည် ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့်ဦးတည်ချက် (၄)ရပ်ဖြင့်အောက်တိုဘာလ ၂၁ရက်မှ ၂၉ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်စုစုပေါင်း ၂၄၀၀ ကျော်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တွင် ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည်



နေပြည်တော် အောက်တိုဘာ ၁၈

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တွင် ရိုမက်နည်းပညာသုံးသံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုလည်ပတ်နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက သံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်၍ TPE ကုမ္ပဏီနှင့်ချုပ်ဆိုမည့် စာချုပ်ဆိုင်ရာ အချက်အလက်များကို စနစ်တကျ စီစစ်ဆောင်ရွက်သွားရန်၊ စာချုပ်တွင် စီမံကိန်း၌ ပြီးစီးထားသည့် အလုပ်ရုံများကို အသိအမှတ်ပြုလက်ခံနိုင်ရေး၊ ဆောင်ရွက်ရမည့် နယ်ပယ်အလိုက် အချိန်ကာလနှင့် တန်ဖိုးသတ်မှတ်ရေး၊ လုပ်ငန်းစဉ်များ ပြီးဆုံးပါက ရရှိမည့်ရလဒ်နှင့် တာဝန်ယူရမှုတို့ကို ပြည့်စုံအောင်ဖော်ပြပါရှိရေး တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပကျွမ်းကျင်ပညာရှင်၏ စစ်ဆေးခဲ့သည့် အစီရင်ခံစာနှင့် စာချုပ်မူကြမ်းတို့ကို တိုက်ဆိုင်စစ်ဆေးရန်၊ သံစိမ်းထုတ်လုပ်မှု၊ အရည်အသွေး၊ ဆက်တိုက်လည်ပတ်နိုင်မှုနှင့် ကုန်ကြမ်းသုံးစွဲမှုနှုန်းထားများကို တိကျစွာသတ်မှတ်ရန်နှင့်တာဝန်ယူမှုတို့ကိုပါညှိနှိုင်းရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများက သံရည်ကျိုမီးဖိုလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများ တင်ပြမှုအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေး အလုပ်ရုံ၌ စက်ရုံရှိဝန်ထမ်းများ၊ ပြည်တွင်း/ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ စက်ပစ္စည်းများ စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ ညနေပိုင်းကလည်း အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စက်ရုံရိပ်သာ၌ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံလည်ပတ်နိုင်ရေးအတွက်စက်ပစ္စည်းများစစ်ဆေးခြင်း၊ တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE နှင့် IED ကုမ္ပဏီတို့မှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အတူ TPE ကုမ္ပဏီမှ ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများကို တွေ့ဆုံပြီး သံရည်ကျိုမီးဖိုအားဘေးကင်းလုံခြုံစွာ လည်ပတ်၍ အရည်အသွေးမီ သံစိမ်းများ တည်ငြိမ်စွာ ထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းများကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ရေးနှင့် ရေရှည်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံစနစ်များတည် ဆောက်နိုင်ရေး၊ သံရည်ကျိုမီးဖိုအလုပ်ရုံလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်နှင့် လုပ်ငန်းစဉ်များ၊ သံရည်ကျိုမီးဖိုရှိ စက်ပစ္စည်းများ စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းများအား အချိန်ဇယားများရေးဆွဲ၍ သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြဝတီ

နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ ၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကျင်းပ

ရမည်းသင်း အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းမှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် သင်းရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမျိုးချစ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပေးအပ်သည့်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများကို ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ပေးအပ်သည်။

ရမည်းသင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၁၀၇ ဦးရှိကြောင်း သိရသည်။ **အေးခိုင်(ပြန်/ဆက်)**

နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

သနပ်ပင် အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်သမဝါယမဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ လေထုညစ်ညမ်းမှုကာကွယ်ခြင်းဖြင့်ကျန်းမာရေးကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးနိုင်စေရန်ရည်ရွယ်၍ ကျိုက်မဲကျေးရွာ၌ နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကိုအောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လေထုညစ်ညမ်းမှုအန္တရာယ်မှကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသောလူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ယခုလိုဟောပြောပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာသိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများက မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။ **နွဲ့ယဉ်**

၁ ရှေ့ဖုံးမှအဆက်

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင်ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင်ကျင်းပသော တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၏သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ(ဃ)အရ ယနေ့မှစ၍ ရက်ပေါင်း(၉၀)အထိ ဆက်လက်အတည်ဖြစ်ကြောင်းကြေညာလိုက်သည်။

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

➤ စစ်အုပ်ချုပ်ရေးမှ

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့်တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀)အထိ အတည်ဖြစ်သည်။

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပရိယတ္တိစာပေသင်ကြားနေသော စာသင်တိုက်များသို့ ဗလာစာအုပ်နှင့်စာရေးကိရိယာများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

ပရဟိတအကျိုးဆောင်အလှူရှင်များအဖွဲ့ (ရန်ကုန်မြို့)၏ နှစ်(၄၀) ပြည့်နှင့်အကြိမ်(၄၀)မြောက်အထိမ်းအမှတ် ပရိယတ္တိစာပေသင်ကြားနေသောစာသင်တိုက်များသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီး၏ ဝိမုတ္တိရသဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်အရှင်သူမြတ်တို့ထံမှသီလခံယူဆောက်တည်ခြင်း၊ လှူဒါန်းခြင်းအကြောင်းရင်းလျှောက်ထားခြင်း၊ ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဩဝါဒခံယူခြင်းတို့ ဆောင်ရွက်ကြသည်။ ယခုအကြိမ် လှူဒါန်းမှုများတွင် ပရိယတ္တိစာပေသင်ကြားနေသောကင်မွန်းခြုံစာသင်တိုက်၊ ဝိဇ္ဇောတရစာသင်တိုက်၊ အောင်မော်စံစာသင်တိုက်၊ အောင်သီတာစာသင်တိုက်၊ နမ့်စမ်သီလရှင်စာသင်တိုက်၊ ခေနာရာမသီလရှင်စာသင်တိုက်၊ ဇမ္ဗူဥယျောင်းသီလရှင်စာသင်တိုက်တို့တွင် ပရိယတ္တိစာပေသင်ကြားနေသော ရဟန်း၊ သာမဏေနှင့် သာသနာနှယ်ဝင် သီလရှင်များအတွက် စုစုပေါင်းငွေကျပ်သိန်း ၁၆၀ ကျော်တန်ဖိုးရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ပရဟိတအကျိုးဆောင်အလှူရှင်များအဖွဲ့(ရန်ကုန်မြို့)သည် ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေ ဗုဒ္ဓဘာသာအသင်းကြီးမှ ၁၉၈၅ ခုနှစ်တွင် စတင်သန္ဓေတည်ပေါ်ပေါက်လာခြင်းဖြစ်ပြီး ဗိုလ်တထောင်စေတီတော်တွင်တနင်္လာနေ့ သန့်ရှင်းရေးအသင်းဖြင့် ပုံမှန်ကုသိုလ်ပြုခြင်း၊ ဆရာ၊ ဆရာမများ၏ ဦးဆောင်မှုဖြင့် တရားရိပ်သာများတွင် လုပ်အားပေးခြင်း၊ ဘိုးဘွားရိပ်သာများတွင် ကုသိုလ်ပြုခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်း၊ မိဘမဲ့ကလေးများစောင့်ရှောက်မှုတွင်လည်း ဝိုင်းဝန်းကုသိုလ်ပြုခြင်းစသော လုပ်ငန်းများတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လင်းခန့်

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့များအား တွေ့ဆုံ

ပဲခူး အောက်တိုဘာ ၁၈

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့်အဖွဲ့များအား တွေ့ဆုံပွဲသို့ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းတက်ရောက်ချီးမြှင့်သည်။


ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်နိုင်ရေးအလံအား အဖွဲ့ခေါင်းဆောင်အုပ်ချုပ်ယူတို့ထံပေးအပ်ယည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များက "ရွှေဆုတွေဝိုင်းရွှေပဲခူးတိုင်း" သီချင်းဖြင့် ဧည့်ခံဖျော်ဖြေပြီး အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့က ကပြဖျော်ဖြေကြသည်။

ယင်းနောက်ဝါသနာရှင်(ပထမတန်း)အဆင့် အဆို ပြိုင်ပွဲဝင် ဦးဘိုဘိုမင်းက "သူ့ဌေးဝါဒ" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ(၁၅-၂၀)အဆင့် အဆိုပြိုင်ပွဲဝင် မထက်အိန္ဒြေလင်းက "ပန်းတိုင်းပွင့်၍မွေးသောမြေ" သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်ပြိုင်ပွဲဝင် ဒိုးပတ်အဖွဲ့ကလည်းကောင်း၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့် အဆိုပြိုင်ပွဲဝင် ဒေါ်နှင်းနှင်းသက်က "ပြည်ထောင်စုရဲ့ထာဝရအလှများ" သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်(ပထမတန်း) အဆင့်ပြိုင်ပွဲဝင် တက္ကသိုလ်ဇံဟိန်း ဦးဆောင်သည့် တော်ဝင်ဥဿာမဟာသဘင်က ဝိမုရဇာတ်တော်ကြီးဖြင့်လည်းကောင်း အသီးသီးသီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများက နည်းပြများ၊ အုပ်ချုပ်သူများနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြောင်း သိရသည်။

ဥဿာတိုင်းသား

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



မြန်မာ့စီးပွားရေး မောင်းနှင်အားသစ်ဖြစ်လာမည့် ခေတ်မီဝါစိုက်ပျိုးရေး

ကိုဘုန်း

ရွှေရောင်ဝင်းလက်နေသော နေခြည်နုနုသည် အညာဒေသ၏ ခြောက်သွေ့သောလေပြည်နှင့် အတူ ကျယ်ပြောလှသော ဝါခင်းပြင်ကြီးပေါ်သို့ ဖြာကျလာသည်။ ဖွေးခနဲ၊ ဖြူခနဲ ပွင့်အာနေသော ဝါပွင့်လေးများသည် အဝေးမှလှမ်းကြည့်လျှင် မြေကတ္တီပါစိမ်းပေါ်တွင် ဆီးနှင်းပွင့်များကြွေကျနေသည့်အလား မျက်စိပသာဒဖြစ်ဖွယ်ရာ တွေ့မြင်ရပေမည်။ ဤဖြူလွလွဝါပွင့်လေးများသည် မြန်မာ့လယ်ယာကဏ္ဍအတွက်အလှတရားသက်သက်မျှသာ မဟုတ်ဘဲ နိုင်ငံ၏လူမှုစီးပွားဘဝကို လက်တွေ့ကျကျ ပြောင်းလဲပေးနိုင်စွမ်းရှိသော တိုင်းပြည်၏ စီးပွားရေးယန္တရားကို အားကောင်းကောင်းဖြင့် လည်ပတ်စေမည့် “ရွှေဖြူ” (White Gold) များပင် ဖြစ်ကြပေသည်။

လူသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးသုံးရပ်တွင် စားရေရိက္ခာပြီးလျှင် ဝတ်ဆင်ရေးသည် ဒုတိယအရေးကြီးဆုံးဖြစ်၏။ မိမိတို့နိုင်ငံ၏ အဓိကအခြေခံအကျဆုံး သက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ရာ ယင်းလုပ်ငန်းများကို အမှန်တကယ် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်ကို များစွာအကျိုးပြုနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။ ထိုအထဲတွင် နိုင်ငံသားတိုင်း နေ့စဉ်မရှိမဖြစ်လိုအပ်လျက်ရှိသော အဝတ်အထည်များအတွက် ကုန်ကြမ်းဖြစ်သည့် “ဝါ” စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်သော အဓိကမဏ္ဍိုင်တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိနေပေသည်။

အရေအတွက်မှသည်အရည်အသွေးဆီသို့ခြေလှမ်းသစ်

သမားရိုးကျစိုက်ပျိုးရေးခေတ်ကာလများတွင် ကျွန်ုပ်တို့သည် စိုက်ဧက မည်မျှတိုးချဲ့နိုင်ခဲ့သည်၊ အထွက်နှုန်းမည်မျှရရှိခဲ့သည်ဆိုသော “အရေအတွက်” (Quantity) ကိုသာ အဓိကထား တိုင်းတာခဲ့ကြသည်။ သို့သော် ယနေ့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စျေးကွက်ယှဉ်ပြိုင်မှု ပြင်းထန်လာသောခေတ်တွင် အရေအတွက်သက်သက်ဖြင့် ရပ်တည်၍မရနိုင်တော့ပေ။ ဝါစိုက်ပျိုးရေးလုပ်ငန်းများကို အရေအတွက်မှသည် အရည်အသွေး (Quality) သို့ မဖြစ်မနေကူးပြောင်းမြှင့်တင်ကြရမည့်အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်သည်။

ဝါသီးနုံ၏ အရည်အသွေးဟုဆိုရာတွင် ဝါဂွမ်း၏ ဖြူစင်တောက်ပသော အရောင်အဆင်း၊ ဆွဲဆောင်မှုရှိမှုတို့အပြင် စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုရာတွင် အရေးပါဆုံးဖြစ်သော အမျှင်အရှည် (Staple Length)၊ အမျှင်၏ ခိုင်ခံမှု (Tensile Strength) နှင့် သေးသွယ်နူးညံ့မှု (Micronaire) စသည့် တိကျသော စံချိန်စံညွှန်းများပြည့်မီရန် အထူးလိုအပ်လှသည်။ ထိုသို့ စံချိန်စံညွှန်းမီ အရည်အသွေးမြင့်မားသော ဝါဂွမ်းများထုတ်လုပ်နိုင်မှသာလျှင် ပြည်တွင်းချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးမီကုန်ကြမ်းများပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး နောက်တစ်ဆင့်ဖြစ်သော တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) လုပ်ငန်းများဆီသို့ ခိုင်ခိုင်မာမာ ခြေလှမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ကြိုးပမ်းခြင်းနှင့် အတူ မိမိတို့ထွက်ရှိလာသော ဝါဂွမ်းများ၏အရည်အသွေးကိုပါ ကမ္ဘာ့အဆင့်မီဖြစ်အောင် စနစ်တကျ ပြုစုပျိုးထောင်ကြရန် လိုအပ်လှပေသည်။

ပြည်တွင်းဝယ်လိုအားနှင့် ရောင်းလိုအားကို စနစ်တကျဆန်းစစ်ခြင်း

စီးပွားရေးလုပ်ငန်းတစ်ခုအောင်မြင်ရန်အတွက် ဝယ်လိုအား (Demand) နှင့် ရောင်းလိုအား (Supply) ကို တိကျစွာတွက်ချက်နိုင်စွမ်းရှိရမည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ သန်းကျော်ရှိပြီး မြို့ပြတွင် ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၇၀ ရာခိုင်နှုန်းနေထိုင်ကြသည်။ ဤလူဦးရေ ၅၁ သန်းအတွက် တစ်နှစ်လျှင် အဝတ်အထည်မည်မျှလိုအပ်မည်နည်း။ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းစိမ်းဝတ်စုံများ၊ နိုင်ငံ့ဝန်ထမ်းများအတွက် ရုံးဝတ်စုံများ၊ ပြည်သူများ၏ နေ့စဉ်ဝတ်ပုဆိုး၊ ထဘီနှင့် အခြားအဝတ်အထည်များအတွက် ချည်မျှင်နှင့် ချည်ထည် မည်မျှလိုအပ်မည်ကို မြေပြင်သတင်းအချက်အလက် (Data) များ၊ ကိန်းဂဏန်းများဖြင့် တိကျစွာကောက်ယူဆန်းစစ်ရန်လိုအပ်သည်။



လက်ရှိအခြေအနေတွင် ပြည်တွင်းမှလိုအပ်သော ချည်ထည်နှင့်အထည်အလိပ် အများအပြားကို ပြည်ပမှ နှစ်စဉ် နိုင်ငံခြားငွေများစွာအသုံးပြု၍ တင်သွင်းနေရဆဲဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရှိရင်းစွဲလူဦးရေနှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှုပမာဏအပေါ်မူတည်ပြီး ဒေသအလိုက်အဝတ်အထည်ဖူလုံမှု ရှိ၊ မရှိကို ဦးစွာသုံးသပ်ရမည်။ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်တွင်းဝါစိုက်ပျိုးမှုအခြေအနေနှင့် စက်ရုံများ၏ ကြိတ်ခွဲထုတ်လုပ်နိုင်စွမ်းတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲရပေမည်။ ဒေသတွင်းဖူလုံအောင် ပထမအဆင့်အနေဖြင့် လျာထားစီမံစိုက်ပျိုးထုတ်လုပ်ပြီးမှသာ ပို့လျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေး ဒုတိယအဆင့်အဖြစ် မဟာဗျူဟာ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

အောင်မြင်သောဝါစိုက်ပျိုးရေးအတွက် အခြေခံအုတ်မြစ်လေးရပ်

ဝါစိုက်ပျိုးရေးလုပ်ငန်းကို ဒေသဝမ်းစာဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရာတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသော အခြေခံအုတ်မြစ်လေးရပ်ကို စနစ်တကျ အသုံးချရန် အလွန်ပင်အရေးကြီးလှသည်။

မျိုး (Seed) – စိုက်ပျိုးရေးတွင် မျိုးသည် အဓိကဖြစ်သည်။ မျိုးကောင်းမျိုးသန့်ဖြစ်ရေးသည် ဝါစိုက်ပျိုးရေး၏ ပထမဆုံးနှင့် အရေးအကြီးဆုံးသော့ချက်ဖြစ်သည်။ အထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဒေသရာသီဥတုနှင့်ကိုက်ညီသော ချည်မျှင်ရှည်ဝါ (ဥပမာ – ငွေချည်၊ ရွှေတောင်မျိုးကွဲများ) ကို ရွေးချယ်စိုက်ပျိုးရမည်။ မျိုးစေ့များမစိုက်ပျိုးမီ မျိုးစေ့အညှောက်ပေါက်နှုန်း ကောင်းမွန်စေရန်နှင့် မျိုးစေ့မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကင်းစင်စေရန် စနစ်တကျ မျိုးစေ့လူးနယ်ဆေးများ အသုံးပြုခြင်း၊ သုတေသနပြုမျိုးစပ်ထားသောမျိုးရင်းများကို တောင်သူများလက်ဝယ်သို့ အချိန်မီဖြန့်ဝေပေးခြင်းတို့ကို အလေးထားဆောင်ရွက်ရမည်။

မြေ (Soil) – မျိုးကောင်းသော်လည်း မြေမကောင်းလျှင် အပင်ဖြစ်ထွန်းမှုအားနည်းတတ်သည်။ ဝါပင်သည် ရေစီးဆင်းမှုကောင်းမွန်ပြီး မြေဆီဩဇာထက်သန်သော မြေအမျိုးအစားကို နှစ်သက်သည်။ ထို့ကြောင့် မြေယာများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း၊ မြေဆီလွှာစမ်းသပ်မှု (Soil Test) များပြုလုပ်၍ မြေချဉ်ငန်ဓာတ် (pH) ကို ညှိပေးခြင်းများပြုလုပ်ရမည်။ ထို့ပြင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ (နို့က်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်ဆီယမ်)ကို အချိုးကျ မှန်ကန်စွာ စနစ်တကျထည့်သွင်းပေးခြင်းဖြင့် ဝါပင်များ သန့်စွမ်းစွာကြီးထွားလာစေရန် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

ရေ (Water) – စိုက်ပျိုးရေးလုပ်ငန်းများအတွက် သန့်ရှင်းသောရေကောင်းရေသန့်နှင့် အောင်ရေရရှိရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ဝါသီးနုံသည် ရေငတ်ခံနိုင်သော အပင်မျိုးဖြစ်သော်လည်း ပန်းပွင့်ချိန်နှင့် ဝါသီးကင်းဝင်ချိန်များတွင် အစိုဓာတ်လုံလောက်စွာရရှိရန် အထူးလိုအပ်သည်။ သို့သော် ရေဝပ်ခြင်းကိုမူ လုံးဝမနှစ်သက်ပေ။ ထို့ကြောင့် မိုးခေါင်ရေရှားသည့် အညာဒေသများတွင် ရေကို ချွေတာသုံးစွဲနိုင်သော ခေတ်မီအစက်ချရေသွင်းစနစ် (Drip Irrigation) များကို အသုံးပြုခြင်း၊ ရေသွင်းရေထုတ်မြောင်းများ စနစ်တကျဖောက်လုပ်ခြင်းဖြင့် ရေကို အပြည့်အဝရရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်သည်။

နည်းစနစ် (Technique) –ခေတ်မီစိုက်နည်းစနစ်များ အသုံးပြုခြင်းသည် အထွက်နှုန်းနှင့် အရည်အသွေးကိုသိသိသာသာတိုးတက်စေသည်။ ဤနေရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices – GAP) ကို မဖြစ်မနေလိုက်နာကျင့်သုံးရန် လိုအပ်လာသည်။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင် ဓာတုဆေးဝါးများကိုသာ အလွန်အကျွံ အားကိုးခြင်းမပြုဘဲ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးစနစ် (IPM) ကို အသုံးပြုခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း စသည့်ခေတ်မီနည်းစနစ်များကို အသုံးချရမည်။ ဤသို့ စနစ်တကျဖြစ်စေရန်အတွက် စိုက်ပျိုးရေးပညာရှင်များမှ အမြဲမပြတ်သုတေသနပြုလေ့လာသုံးသပ်ပြီး တောင်သူများထံသို့ နည်းပညာများ လက်ဆင့်ကမ်းအသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) နှင့် ပြည်ပပို့ကုန်အလားအလာ

ဝါဂွမ်းများကို ခူးဆွတ်ပြီးနောက် ဂွမ်းကြမ်းအတိုင်း ပြည်ပသို့ ရောင်းချခြင်းသည် တိုင်းပြည်အတွက် ရသင့်ရထိုက်သော စီးပွားရေးအကျိုးအမြတ်ကို ဆုံးရှုံးစေသည်။ ထို့ကြောင့် ဝါမှတစ်ဆင့် ချည်မျှင်၊ ချည်မျှင်မှတစ်ဆင့် အထည်အလိပ် (Textile) နှင့် အဝတ်အထည် (Garment) များအဖြစ် အဆင့်ဆင့် တန်ဖိုးမြှင့် (Value-added) ထုတ်လုပ်နိုင်မည့် စက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်။ သစ်သီးဝလံများကို ကြာရှည်ခံ အခြောက်ခံစနစ်များဖြင့် စနစ်တကျထုပ်ပိုးပြီး နိုင်ငံတကာသို့တင်ပို့၍ နိုင်ငံခြားငွေရှာဖွေနိုင်သကဲ့သို့ပင် ဝါသီးနုံကိုလည်း ခေတ်မီစက်ယန္တရားများ အသုံးပြုကာ အရည်အသွေးမြင့်ချည်ထည်များအဖြစ်ထုတ်လုပ်၍ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်ပေသည်။

အထူးသဖြင့် မိမိတို့၏ အိမ်နီးချင်း တရုတ်၊ အိန္ဒိယနိုင်ငံကဲ့သို့သော လူဦးရေထူထပ်လှသည့် နိုင်ငံကြီးများသည် စားရေရိက္ခာသာမက လူသုံးကုန်နှင့် အဝတ်အထည်ကုန်ကြမ်းများကိုပါ ပြည်ပမှ အမြောက်အမြားတင်သွင်းနေရသည်။ ဤသည်မှာ မိမိတို့နိုင်ငံအတွက် ကြီးမားလှသော ပြည်ပဈေးကွက်ကြီးတစ်ခုအသင့်ရှိနေခြင်းပင်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ဝယ်လိုအားကို သေချာစွာလေ့လာ၍ ၎င်းတို့လိုအပ်သော အရည်အသွေးနှင့် ပမာဏကို တည်ငြိမ်စွာထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက မြန်မာ့ဝါစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံခြားငွေရှာဖွေပေးနိုင်သော အဓိက ပို့ကုန်လုပ်ငန်းကြီးတစ်ခုဖြစ်လာမည်မှာ ယုံမှားဖွယ်မရှိပေ။

ထို့ကြောင့် ဝါစိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေပြင်အနေအထားတို့နှင့် အလွန်ကိုက်ညီပြီး အလားအလာကောင်းများစွာပိုင်ဆိုင်ထားသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အရေအတွက်ကိုသာမက အရည်အသွေးကိုပါ အလေးထားခြင်း၊ ဒေသတွင်းဖူလုံရေးမှသည် ပြည်ပပို့ကုန်အဖြစ် တိုးချဲ့ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များဖန်တီးခြင်းတို့ကို စနစ်တကျ အကောင်အထည်ဖော်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသော အခြေခံအုတ်မြစ်များကို သုတေသနပြု လေ့လာသုံးသပ်ချက်များနှင့်အညီ စနစ်တကျပေါင်းစပ်အသုံးချသွားရန် လိုအပ်လှသည်။

နိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများအားလုံး ဟန်ချက်ညီညီပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ဖြူလွလွဝါပွင့်လေးများသည် စိုက်ခင်းများအတွင်းမှသည် ခေတ်မီစက်ရုံများဆီသို့ ထိုမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်ဆီသို့ ဂုဏ်ယူဝင့်ကြွားစွာ ဝင်ရောက်နိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာ့ခေတ်မီဝါစိုက်ပျိုးရေးလုပ်ငန်းသည် မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အခိုင်မာဆုံးသော “စီးပွားရေးမောင်းနှင်အားတစ်ရပ်”အဖြစ် မလွဲမသွေဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ယုံကြည်စွာဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲတွင် ထူးချွန်အောင်မြင်မှုများရရှိခဲ့ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အားကစားသမားများနှင့်နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်



နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး ထူးချွန်အောင်မြင်မှုများရရှိခဲ့ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အားကစားသမားများနှင့် လေ့ကျင့်ပေးခဲ့ကြသည့် နည်းပြဆရာများကို ယနေ့တွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ဂုဏ်ပြုဆုများချီးမြှင့်သည်။

အဆိုပါ ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ဝန်ကြီးဌာနအနေဖြင့် အားကစားနည်း ၁၈ မျိုးတွင် အမျိုးသားအားကစားသမား ၁၀ဦး၊ အမျိုးသမီးအားကစားသမား ငါးဦး၊ စုစုပေါင်း အားကစားသမား ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ် နှစ်ခု စုစုပေါင်းဆုတံဆိပ် ၁၀ ခု ဆွတ်ခူးရရှိခဲ့သည်။

ဂုဏ်ပြုဆု ချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝန်ကြီးဌာနတစ်ခုလုံး၏အားပေးကူညီမှုဖြင့် ဝန်ကြီးဌာနများအနက် အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းသည် စုပေါင်းကြိုးပမ်းမှုမှ ရရှိလာသည့် ဂုဏ်ယူဖွယ်ရာရလဒ်ကောင်းတစ်ရပ်ဖြစ်ပြီး ဝန်ကြီးဌာန၏ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်သည့်အားကစားသမားကောင်းများ ပိုမိုပေါ်ထွန်းလာစေရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားပြီး ဆုရအားကစားသမားများကို ဂုဏ်ပြုဆုများ၊ အားကစားသမားများနှင့် နည်းပြများအတွက် ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် တိုင်းဒေသကြီး ဂုဏ်ဆောင်အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်



ပုသိမ် အောက်တိုဘာ ၁၈

နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများတွင်ဆုတံဆိပ်ရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲမှရရှိခဲ့သည့် အမျိုးသမီးတံခွန်စိုက်ဆုဖလားကို အပ်နှံကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများက နိုင်ငံတကာပြိုင်ပွဲများနှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် ကာယကြံခိုင်မှု၊ စစ်တုရင်(U-18)၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ U-18 ပြေးခုန်ပစ် (တုတ်ထောက်ခုန်)၊ U-18 အမျိုးသားဘောလုံးပြိုင်ပွဲ၊ U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ Teqball နှစ်ယောက်တွဲ၊ ရေကူး၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ရိုးရာလက်ဝှေ့၊ ပန်ကြဲပဆီလပ် အစရှိသည့် အားကစားနည်းများဖြင့် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုများ ရရှိခဲ့သည့် အားကစားသမားများနှင့်အားကစားနည်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ International First Grade ကုမ္ပဏီလီမိတက်မှ ရေဘေးသင့် ဒေသ ပြန်လည်ထူထောင်ရေး အတွက် ငွေကျပ်သိန်းနှစ်ထောင့် နှစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်း သုံးရာခြောက်ဆယ်ရှစ်ကျပ်ခန့် တန်ဖိုးရှိသောပစ္စည်းများနှင့်လှူဒါန်း ငွေကျပ် သိန်းသုံးရာကို လာရောက် လှူဒါန်းရာတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် တွေ့ကြုံလာနိုင်သည့်အကျိုးဆက်များကို ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးမှာကြား

စစ်တွေ အောက်တိုဘာ ၁၈

ရခိုင်ပြည်နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် တွေ့ကြုံလာနိုင်သည့် အကျိုးဆက်များကို ကြိုတင်မှန်းဆပြီး စိုက်ပျိုးရေးကဏ္ဍ၊ သောက်သုံးရေလုံလောက်စွာရရှိရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့ကို ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည်အောက်တိုဘာလ ၁၆ ရက်တွင် မာန်အောင်မြို့မြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော မြို့မိမြို့ဖများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

တွေ့ဆုံပွဲအပြီးတွင်အခြေခံပညာအထက်တန်းကျောင်း (ဟင်းစနဲ)၊ အခြေခံပညာအလယ်တန်းကျောင်း ခွဲ(ညောင်ပင်လှ)၊ အခြေခံပညာအလယ်တန်းကျောင်း (ငပုန်ကုန်း) တို့ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ငပုန်ကုန်း ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲရှိကျန်းမာရေးဝန်ထမ်းများကို သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားသည်။



ဆက်လက်၍ ညောင်ပင်လှ ကျေးရွာအုပ်စု ငတက်ပြင်ရွာရှိ “ဝ”ဥစိုက်ပျိုးမည့် မြေနေရာ၊ ဇိုင်ပင်ကျေးရွာနှင့် ဒိုးတန်းကုန်း ကျေးရွာတို့တွင် သောက်သုံးရေနှင့် စိုက်ပျိုးရေးရရှိရေးအတွက် ရွှေလောင်းချောင်းတွင် Check Dam တည်ဆောက်မည့်နေရာ၊ ဘူးတောင်းကွဲကျေးရွာ – ဟင်းစနဲ ကျေးရွာ ကျောက်ချောလမ်းခင်းမည့် မြေနေရာ၊ ဇိုင်ပင်-ပန်းခြံ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းမည့်နေရာတို့ကိုသွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

၁၈-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ **(၇,၁၀၀,၀၀၀)ကျပ်**ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၇၀၅	၄၈၆၀	၄၈၁၀	၄၇၂၀	၄၈၆၅	၄၈၈၀	၄၉၁၀	၄၇၉၀	၅၁၆၀	၅၁၉၀	၄၈၁၀	၄၉၆၅	၄၉၀၀	၄၈၆၀	၄၈၇၀	၅၁၀၀
95 Ron	၄၈၅၀	၅၀၀၅	၄၉၂၅	၄၈၆၅	၅၀၁၀	၅၀၂၅	၅၀၅၅	၄၉၃၅	၅၂၀၅	၅၃၃၅	၅၀၂၅	၅၀၄၅	၅၀၀၅	၅၀၀၅	၅၀၁၅	၅၂၄၅
HSD (500 ppm)	၄၄၈၅	၄၆၃၅	၄၅၉၀	၄၅၀၀	၄၆၄၀	၄၆၅၀	၄၆၈၅	၄၅၇၀	-	၄၉၅၀	၄၅၉၀	၅၁၆၀	၄၆၇၅	၄၆၃၅	၄၆၄၅	၄၈၆၅
HSD (50 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၇၅	၅၆၀၀	၅၆၁၅	၅၆၅၀	၅၅၂၅	၅၉၉၅	၅၉၂၅	၅၅၄၅	၅၅၃၀	၅၆၃၅	၅၅၉၅	၅၆၀၅	၅၈၃၅
HSD (10 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၇၅	၅၆၀၀	၅၆၁၅	၅၆၅၀	၅၅၂၅		၅၉၂၅	၅၅၄၅	၅၅၃၀	၅၆၃၅	၅၅၉၅	၅၆၀၅	၅၈၃၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၇၆	၄၅၉၉
95 Ron	၄၆၁၆	၄၇၄၂
HSD (500 ppm)	၄၂၇၈	၄၃၉၃
HSD (50 ppm)	၅၁၈၈	၅၃၂၂
HSD (10 ppm)	၅၁၈၈	၅၃၂၂

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ



ညောင်ရွှေ အောက်တိုဘာ ၁၈

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာမှ အင်းလေးရိုးရာ ဘုရားဆွဲလှေ ၄၂ စင်းဖြင့် ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရဒေသစာရီကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ဦးစွာ ညောင်ရွှေမြို့ ဖောင်တော်ပြန်မဏ္ဍပ်ရှေ့ရှိ နန်းကပ်ချောင်းအတွင်း အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေး၊ အင်းရေပြင်တွင် စက်ဆီများညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် EV စက်လှေဖြင့် ကျောင်းကြို၊ ကျောင်းပို့နှင့် အင်းလေးဒေသထွက်ကုန်ဖြစ်သည့် ခရမ်းချဉ်သီး သယ်ယူပေးပို့မှု သရုပ်ပြသခြင်း၊ ဆွမ်းပို့လှေသရုပ်ပြသခြင်း၊ ကိန္နရီ၊ ကိန္နရာ အက၊ အင်းတိုင်းရင်းသားအက၊ တိုးနရားအကတို့ဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက်အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူပင်ဆောင်ထားသည့်ကရိတ်ဖောင်တော်သည် ညောင်ရွှေမြို့ နန်းကပ်ချောင်းအတိုင်း အင်းလေးရိုးရာဆွဲလှေများဖြင့် ညောင်ရွှေမြို့ ဖောင်တော်ဆိုက်ပြဿဒ်သို့ ဆိုက်ရောက်ပြီးကရိတ်ဖောင်တော်ပေါ်မှ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ် ပထမအဆူကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကလည်း ကောင်း၊ ဒုတိယအဆူကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ တတိယအဆူကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ စတုတ္ထအဆူကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ကလည်းကောင်း ညောင်ရွှေမြို့အတွင်းသို့လှည့်လည် အပူဇော်ခံမည့် မော်တော်ယာဉ်မှ ပြဿဒ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့အတွင်း လှည့်လည်အပူဇော်ခံနေစဉ် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲများကျင်းပရာ အမျိုးသား ၄၆ တက် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ အမျိုးသားရာကျော်လှေ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ ကျောင်းသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ ကျောင်းသား ၂၆ တက် ဗိုလ်လုပွဲနှင့်အမျိုးသမီး ၂၆ တက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြရာလှေအသင်းများက အားကြိုးမာန်တက် စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့်ဆွမ်းပို့လှေအဖွဲ့ကို အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ တစ်ဦးချင်း လှေလှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က လည်းကောင်း၊ ကျောင်းသား ၂၆ တက်ပြိုင်ပွဲတွင် ဒုတိယဆု၊ပထမဆုရရှိသည့်အသင်းများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကလည်းကောင်း၊ အမျိုးသား ၄၆ တက် ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့် အသင်းများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ အမျိုးသမီး ၂၆ တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့် အသင်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားရာကျော်လှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသည့် အသင်းများကို ဆုများပေးအပ်ကြကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)



ကန့်ဘလူမြို့၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

ကန့်ဘလူ အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ကြီးဘိုးဘွားများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဦးမိုးနိုင်နှင့် ဆရာမများက ဘိုးဘွားများအား သွေးပေါင်ချိန် စမ်းသပ်စစ်ဆေးကာ အကြောတင်၊ ဒူးနာ၊ ခါးနာ ဝေဒနာရှင်များကို ကုသပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ပေးအပ်ပြီး အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

အဆိုပါကွင်းဆင်းဆေးဝါးကုသပေးရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီ ဂါရဝပြုပေးအပ်ကြောင်းနှင့် ဘိုးဘွား ၃၁ ဦးတို့အား ကုသပေးနိုင်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၀-၂၀၂၆(တနလာနေ့)

၁။	၀၆:၀၃	တရားတော်
၂။	၀၇:၀၀	နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
၃။	၀၈:၃၀	မောင်မယ်လေးများသိစေချင်
၄။	၀၉:၂၅	တစ်ချိန်ကသူတို့အကြောင်း
၅။	၁၁:၁၀	ကမ္ဘာ့ရေးရာ မှတ်သားစရာ
၆။	၁၄:၁၅	နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၇။	၁၆:၄၅	မျိုးချစ်တပ်မတော်
၈။	၁၈:၄၀	ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး

ဘုတလင်မြို့နယ်၌ နေကြာသီးနှံဧက ၁၀၀၀ ကျော်ရိတ်သိမ်းပြီးစီး

ဘုတလင် အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော နေကြာသီးနှံဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၄၈၂၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ၁၈၀၃ ဧကခန့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန် အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကမှာ ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေကပြောသည်။

ဘုတလင်မြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသည်။

ယခုနှစ် ဘုတလင်မြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံနှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ်ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်းသိရသည်။

(၄၀၉)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်



နတ်မောက် အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ရေကန်၊ ကျောက်စည်များ အဘိတ်ဆေးခတ်ခြင်းနှင့် သောက်ရေအိုးများအား ပိုးလောက်လမ်းကင်းရှင်းရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

လှဝင်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပ

နောင်ချို အောက်တိုဘာ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် လောက်ဖန်းကျေးရွာ CROWN ဘိလပ်မြေစက်ရုံ၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန့်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျောက်မဲ) နောင်ချိုမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ စိတ်မှုရဲအုပ်ဟန်ထွန်းနိုင်ဦးစီးသောတပ်ဖွဲ့ဝင်များက ယာဉ်မောင်းနှင့် သူများလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ယာဉ်တိုက်မှုဖြစ်ပွားခြင်း အမှား၊ အမှန်သရုပ်ပြခြင်းတို့အား ရှင်းလင်းဟောပြောသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

အိန္ဒိယ - မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာ့တပ်မတော်ဘောလုံးအဖွဲ့ထွက်ခွာ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သိန်းနိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အိန္ဒိယ - မြန်မာ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သိန်းနိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့တွင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၃၀ ဦး လိုက်ပါသွားပြီး အိန္ဒိယတပ်မတော်မှဘောလုံးအသင်းတို့နှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲများကို အောက်တိုဘာလ ၂၁ ရက်နှင့် ၂၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် OSSC ဌာနဆိုင်ရာအဖွဲ့များက စနစ်တကျစစ်ဆေးဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်မှာကြား

နေပြည်တော် အောက်တိုဘာ ၁၈

လုပ်ငန်းဆိုင်ရာသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် OSSC ဌာနဆိုင်ရာအဖွဲ့များက စနစ်တကျ စစ်ဆေးဆောင်ရွက်ရန် မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါအထူးစီးပွားရေးဇုန် အစည်းအဝေးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ One Stop Service Center – OSSC ဌာနများမှ တာဝန်ခံများနှင့်တွေ့ဆုံစဉ် မှာကြားသည်။

ထို့ပြင် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးကိုရှေးရှု၍ စိတ်ကောင်းစေတနာကောင်းဖြင့်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အကောက်ခွန်ဆိုင်ရာ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် Thilawa Global Logistics Co.,Ltd. ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်းရှိ Myanmar International Terminals Thilawa Port – MITT ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကုန်ပစ္စည်းကွန်တိန်နာများရောက်ရှိခြင်း၊ ထုတ်ယူခြင်း၊ တင်ပို့ခြင်းတို့ကို စနစ်တကျမှန်ကန်စွာ စာရင်းရေးသွင်းမှတ်တမ်းထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဗီယက်နမ်နိုင်ငံရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ





နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၃၄ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ရာ အောက်တိုဘာလ ၁၆ ရက်ညနေပိုင်းက ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်မှလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြပြီး ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိကြသည်။

ယမန်နေ့ နံနက်ပိုင်းက ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှ ဟာလောင်းမြို့သို့ ထွက်ခွာကြကာ ယူနက်စကို (UNESCO) ၏ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် Halong Bay သို့ ရောက်ရှိပြီး အပျော်စီးသင်္ဘောဖြင့် လေ့လာကြည့်ရှုကြသည်။

လေ့လာစဉ် သဘာဝအတိုင်း လှုပသော ထုံးကျောက်လိုဏ်ဂူဖြစ်သည့် Thien Cung Cave အတွင်းရှိ ထုံးကျောက်တန်းများ၊ ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စွယ်ကျောက်နံရံများ၏ သဘာဝအလှတရားများနှင့် ထူးခြားသည့်ရှုခင်းများ၊ Lu Huong ကျွန်းနှင့် Couple ကျွန်းများ၏ သဘာဝထုံးကျောက်တောင်ဖြစ်တည်ပုံများ၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများနှင့် သဘာဝပင်လယ်ကမ်းခြေရှုခင်းများကို စိတ်ပါဝင်စားစွာလေ့လာကြသည်။

ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး တက္ကသိုလ်ဖြစ်ခဲ့သည့် Temple of Literature ကိုရောက်ရှိပြီး UNESCO အသိအမှတ်ပြုကျောက်လိပ်ကြီးများ၏ကျောပေါ်တွင် စိုက်ထူထားသည့် ကျောက်စာတိုင်များနှင့် ဗီယက်နမ်ပညာရေးဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာလက်ရာများ၊ သမိုင်းဝင်အမွေအနှစ်များကို ခေတ်မီဒီဂျစ်တယ်နည်းပညာများ အသုံးပြုပြင်ဆင်ထားသည့် 3D ကျောက်စာများကိုလေ့လာခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏ သမိုင်းဝင်အထိမ်းအမှတ်နေရာဖြစ်သည့် ဟိုချီမင်းပြတိုက်သို့ရောက်ရှိပြီး ဟိုချီမင်း၏ဘဝဇာတ်ကြောင်း အတ္ထုပ္ပတ္တိ၊ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း စာရွက်စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းပစ္စည်းများ၊ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများနှင့်သမိုင်းဝင်ပစ္စည်းများ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် စစ်သည်များ၏ စစ်ဝတ်စုံ၊ အသုံးအဆောင်များနှင့် လက်နက်ငယ်များပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် One Pillar Pagoda ရှေးဟောင်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း၊ Ba Dinh ရင်ပြင်နှင့် ဟိုချီမင်းဂူဗိမာန်၊ ဗီယက်နမ်နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု၊ ပထဝီဝင်နှင့် သမိုင်းဆိုင်ရာ အထောက်အထားများ ခိုင်မာစွာကျန်ရှိနေသည့် ဝင်ပစ္စည်းများ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် စစ်သည်များ၏ စစ်ဝတ်စုံ၊ အသုံးအဆောင်များနှင့် လက်နက်ငယ်များပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံထားရသော Imperial Citadel of Thang Long ရှေးဟောင်းနန်းတော်၊ Vietnam Military History Museum နှင့် ဗီယက်နမ်၏ရှေးအကျဆုံးနှင့် အထင်ကရ ရိုးရာပိုးထည်ထုတ်လုပ်ရာ ကျေးရွာကြီးဖြစ်သည့် Van Phuc Silk Village တို့သို့ ရောက်ရှိကြပြီး ဗီယက်နမ်နိုင်ငံ၏သမိုင်းကြောင်းများ၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းဗိသုကာ အမွေအနှစ်များ၊ သမိုင်းဝင်တိုက်လေယာဉ်များ၊ တင့်ကားများ၊ စစ်ဆင်ရေးမြေပုံများ၊ ပြင်ပကွင်းပြင်မှ စစ်လက်နက်ကြီးများ၊ ခေတ်မီ 3D မာတီမီဒီယာပြခန်းများ၊ ပိုးကောင်မွေးမြူခြင်း၊ ပိုးအိမ်မှ ပိုးမျှင်ထုတ်ယူခြင်း၊ ပိုးချည်ဆိုးဆေး ဆိုးခြင်းမှစ၍ ရှေးဟောင်းသစ်သားရက်ကန်းစင်များနှင့် ခေတ်မီရက်ကန်းစက်များဖြင့် ပိုးထည်ရက်လုပ်နေပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ မြဝတီ

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပို့လွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းတွင်ရေလှောင်တမံ၏တမံပေါ်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပို့လွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအားပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပို့လွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာလ ၁၈ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၄ ဒသမ ၄ ပေသာ ကျန်ရှိတော့သဖြင့် ၁၀ ဒသမ ၆ ပေခန့်လျော့နည်းသွားကြောင်း သတင်းရရှိသည်။ (၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု

ဖြိုဖျက်ပြီးစီးမှု



နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၀ ရာခိုင်နှုန်းဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၁ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်မှုများပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင်လုံးဝပပျောက်သွားစေရေးအထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား


နေပြည်တော် အောက်တိုဘာ ၁၈


ယနေ့နံနက် ၃ နာရီ ၃၈ မိနစ် ၂၆ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းခတ်မြို့၏ အနောက်-အနောက်မြောက်ဘက် ၂၆ မိုင်ခန့်အကွာ)။ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၄ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်













လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

မအူပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



မအူပင် အောက်တိုဘာ ၁၈


ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ဝါးတောကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအား စံကွက်ရိတ်သိမ်းရေးအဖွဲ့မှ ဝါးတောကျေးရွာရှိ တောင်သူဦးထိန်ဝင်း၏ကွင်းအမှတ်(၉၅၉/ဝါးတော)၊ ဦးပိုင်အမှတ်(၁၀၅/၅)၊ GW-11 စပါးမျိုး စိုက်ပျိုးထားသည့် ၄ ဒသမ ဖြ၅ ဧကာ၌ စံကွက်ရိတ်သိမ်းခြင်းနှင့် စပါးများခြွေလှေ့ခြင်းများကို ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကြိုင်၊ ခရိုင်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးကျော်ဇေသီဟသူ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းသိန်းဌေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကြိုင်က တာဝန်ရှိသူများ အားတွေ့ဆုံ၍ လိုအပ်သည်များမှာကြား ကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းဦး

အသက် ၂၁ နှစ်အောက် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၈ ရက်တွင် ကျိုးဖြူအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဘောလုံးအသင်းများက အားကစားကွင်းအတွင်း နေရာယူကြပြီးနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းကျော်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ပထမနေ့ပွဲစဉ်အဖြစ် တိုက်ကြီး(၄)အသင်းနှင့် အဖျောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၁၈ ရက်မှ ၃၀ ရက်အထိ ဘောလုံးအသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှုစစ်ဆေး



ကျိုက်ထို အောက်တိုဘာ ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြမည့်ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ တောင်တက်မော်တော်ယာဉ်များ၏ကြံ့ခိုင်မှုကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

လာမည့် သီတင်းကျွတ်လပြည့်နေ့တွင် စတင်ကျင်းပမည့် ဗုဒ္ဓပူဇနီယဘုရားပွဲတော် ကာလအတွင်း ဘုရားဖူးလာပြည်သူများ ဘေးကင်းလုံခြုံစွာ စီးနင်းနိုင်ရန် အောက်တိုဘာလ ၁၇ ရက်မှစ၍ ဘုရားသုံးဆူ ထိုင်တော်မူဘုရားတောင်ခြေ၌ သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးကြခြင်း ဖြစ်သည်။

ထိုသို့စစ်ဆေးရာတွင် တောင်တက်မော်တော်ယာဉ် ၁၅၂ စီး၏ ကြံ့ခိုင်မှုနှင့် ခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်ရေး ထိုင်ခုံများ၏ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို စစ်ဆေးကြသည်။

ယခုနှစ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဘက်စုံပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိပြီး ယခုနှစ်တွင် ဘုရားဖူးလာရောက်ကြမည့်သူများ တောင်တက်လမ်းခရီး၌ အဆင်ပြေချောမွေ့စေရန် တောင်တက်မော်တော်ယာဉ်လိုင်း ၁၅၀ ကျော် အပြင် ကေဘယ်ကားများပါ စနစ်တကျပြေးဆွဲနိုင်ရန် ကြိုတင်ပြင်ဆင်ထားသည်။ ထို့ပြင် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ လျှပ်စစ်မီးအလှများဆင်ယင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင်နိုင်ရေး၊ စတုဒိသာကျွေးမွေးရေးနှင့် လုံခြုံရေးအပြင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကိုပါ ပြင်ဆင်ထားကြောင်း သိရသည်။

ခန့်ခန့်

ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေထုတ်ချေး

မိုးညို အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေါက်ကုန်းကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ချေးငွေများ ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၈ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၉ ဒသမ ၄ သန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦးအတွက် ငွေကျပ် ၄၈ ဒသမ ၆၅ သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း (အပ်ချုပ်စက်) လုပ်ကိုင်သူတစ်ဦးအတွက် ငွေကျပ် သုည ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၀ ဦးအတွက် ငွေကျပ် ၄၉ ဒသမ ၄ သန်းကို တစ်ဦးချင်းလက်ဝယ် အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

သောက်သုံးရေလုံလောက်စွာရရှိစေရေး ရေပေးဝေရေးစီမံကိန်းများ ဆက်လက်ဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့နေပြည်သူများ နေ့စဉ် သောက်သုံးရေလုံလောက်စွာရရှိစေရေး ရေပေးဝေရေးစီမံကိန်းများဖြစ်သည့် ကုက္ကို၀ရေပေးဝေရေးစီမံကိန်းနှင့် တိုးမြစ်ရေပေးဝေရေးစီမံကိန်း အကောင်အထည်ဖော်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရေအရင်းအမြစ်များဖြစ်သော လှော်ကားရေလှောင်ကန်၊ ကျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်၊ ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)၊ လဝွန်းပြင်ရေသန့်စင်စက်ရုံ၊ သဲဖြူ၊ ရန်ကုန်ပေါက် မြေအောက်ရေပေးဝေရေးစနစ်နှစ်ခုမှ ရန်ကုန်မြို့နေ ပြည်သူလူထုအတွက် နေ့စဉ်သောက်သုံးရေဂါလန် ၂၄၄ သန်း ဖြန့်ဝေပေးလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိုးရေရရှိမှု နည်းပါးလာသဖြင့် လှော်ကားကန်ရေပမာဏ တစ်နှစ်ထက်တစ်နှစ် ပိုမိုကျဆင်းလာမှုကို ကုစားနိုင်ရန် လှော်ကားရေလှောင်ကန်သို့ တစ်ရက်လျှင် ရေဂါလန်သန်း ၆၀ ဖြည့်တင်းပေးနိုင်မည့် လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်းကို ၂၀၂၁ ခုနှစ် မေလ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် မတ်လ ၂၅ ရက်က စီမံကိန်းပြီးစီး၍ လှော်ကားရေလှောင်ကန်သို့ အနည်ချသန့်စင်ကာ ရေဖြည့်တင်းပေးလျက်ရှိသည်။

လက်ရှိတွင် ရေပို့ပိုက်မကြီး အရှည် ၄၈၆ မိုင်၊ ရေဖြန့်ဖြူးပိုက်လိုင်း အရှည် ၂၂၅၆ မိုင်၊ ရေစုကန်နှင့် ထပ်ဆင့်ရေတွန်းစက်ရုံများကို အသုံးပြုကာ ရန်ကုန် မြို့၏ ၆၁ ရာခိုင်နှုန်းကို ရေလွှမ်းခြုံပေးဝေလျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့နေလူဦးရေ ၃ ဒသမ ၁၉ သန်းခန့်ကို ရေမီတာများတပ်ဆင်၍ ရေဆက်သွယ်ပေးဝေလျက်ရှိကြောင်းနှင့် မြေအောက်ရေအားဖြည့် အဝီစိတွင်းများ၊ မြေသားမိုးရေစုကန်များဖြင့်လည်း ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝန်းရံခ

သဲကုန်းမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော တော်ဝင်သဇင်ပန်းများဖြစ်ထွန်းသဖြင့် မိသားစုအပိုဝင်ငွေရရှိ

သဲကုန်း အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ တစ်နိုင်တစ်ပိုင် တော်ဝင်သဇင်ပန်းစိုက်ပျိုးသူများ ပန်းပင်များအောင်မြင်စွာဖြစ်ထွန်းသဖြင့် မိသားစုအပိုဝင်ငွေရရှိနေကြောင်း သိရသည်။

သဇင်ပန်းသည် မြန်မာတို့အမြတ်နိုးဆုံး ဆောင်းဦးပန်းတစ်မျိုးဖြစ်ပြီး နှစ်ရှည်ပင်ဖြစ်၍ ဥမ္မစိုက်ပျိုးရကာ သစ်ခွမျိုးရင်းဝင်အပင်တစ်မျိုးဖြစ်သည်။ သဇင်ပန်းစိုက်ပျိုးရာတွင် အလင်းရောင်၊ ရေငွေ့နှင့် လေဝင်လေထွက်ကောင်းစေရန် အပေါက်များစွာပါသောမြေအိုး၊ ပလတ်စတစ်အိုးထဲ၌ မီးသွေး၊ အုန်းခွံဖတ်၊ သစ်ခေါက်သစ်ဆွေးများထည့်၍ ဂရုပြုစိုက်ပျိုးရကြောင်း၊ အစိုဓာတ်ကို ကြိုက်နှစ်သက်သော ပန်းပင်အမျိုးအစားဖြစ်သော်လည်း ရေဝပ်မှုကို မကြိုက်ကြောင်း သိရသည်။

မြေဩဇာကျွေးရာတွင်လည်း သုံးမျိုးစပ်ကွန်ပေါင်းဓာတ်မြေဩဇာအရည်ကို ပက်ဖျန်းပေးရပြီး ပန်းပွင့်ချိန်ကုန်ဆုံးပါက သဇင်ပန်းဥများ အသစ်ထပ်မံဖြစ်ပေါ်စေရန် ပန်းခက်အခြောက်များကို ညှပ်ပေးရသည်။ လက်ရှိတွင် စျေးကွက်အတွင်း သဇင်ပန်းအရွယ်အစားပေါ်မူတည်၍ စျေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

ဆောင်းမြေပဲစိုက်ပျိုးရန် လယ်ယာမြေထွန်ယက်ခြင်းများဆောင်ရွက်

ကျွန်းလှ အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ဒေသခံတောင်သူများသည် ဒေသတွင်းစားသုံးဆီဖူလုံပြီး ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျော့ချနိုင်ရန် ဆီထွက်သီးနှံမျိုးစုံကိုစိုက်ပျိုးလျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲစိုက်ပျိုးရန် လယ်ယာမြေထွန်ယက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“နှစ်စဉ် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးပါတယ်။ မိုးရာသီမှာ ထွက်ရှိတဲ့မြေပဲတွေ ကို ဆောင်းမြေပဲစိုက်ပျိုးဖို့ မျိုးချနိုပြီး ပိုတဲ့မြေပဲတွေကို ဆီကြိတ်ခွဲရောင်းချတာဖြစ်ပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲစိုက်ပျိုးဖို့ အားလုံးပြင်ဆင်နေရတဲ့အချိန်ဖြစ်ပါတယ်”ဟု ရှမ်းစုကျေးရွာမှ တောင်သူဦးနိုင်ကပြောသည်။

အဆိုပါ ဆောင်းမြေပဲစိုက်ပျိုးမည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မြေပဲမျိုးများရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး တောင်သူ အသိပညာပေးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း စုစုပေါင်း၈က ၃၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၃၃၆၅၂ ၈က စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ပရီးမီးယားလိဂ်ပွဲစဉ်(၇)တွင် လိဒ်ယူနိုက်တက်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်း သရေရလဒ်ထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၁၈

ပရီးမီးယားလိဂ်ပွဲစဉ်(၇)အဖြစ် လိဒ်ယူနိုက်တက်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ အင်္ဂလန်နိုင်ငံ လိဒ်မြို့ Elland Road ကွင်း၌ အောက်တိုဘာလ ၁၈ ရက်ည ၇ နာရီ ၃၀ မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ လိဒ်ယူနိုက်တက်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။



အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်ဖွင့် ကစားကြပြီး ပွဲကစားချိန် ၃၅ မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းအတွက် ဘရိုင်ယန်အမ်ဘူမိုက ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးရပြီးနောက် လိဒ်ယူနိုက်တက်အသင်းတိုက်စစ်မြှင့်ကစားခဲ့သော်လည်း မန်ချက်စတာယူနိုက်တက်အသင်း၏ နောက်တန်းခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်၍ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် လိဒ်ယူနိုက်တက်အသင်း တိုက်စစ်ပိုမိုမြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၅၁ မိနစ်တွင် ကဲလ်ဗက်လီဝင်က လိဒ်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် နှစ်ဖက်အသင်းကစားသမားများက ရရှိလာသည့်အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိသောကြောင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၈)အဖြစ် အောက်တိုဘာလ ၂၅ ရက်တွင် ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ZMO**

➢ **AFC Challenge မှ**

ဖိအားပေးထိုးဖောက်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ခံစစ်မှတန်ပြန်တိုက်စစ်သည်လည်း လျင်မြန်မာကျောမှုရှိ၍ အပြန်အလှန် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

နှစ်ဖက်အသင်း ကိုယ်စီအခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိကြ၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေဖြစ်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နယူးတိုင်ပေစီးတီးအသင်းကသာ ပွဲကို ဦးဆောင်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း နယူးတိုင်ပေစီးတီး ဂိုးဧရိယာအတွင်း ပြစ်ဒဏ်ဘောတစ်လုံးရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ အပြန်အလှန်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၅၃ မိနစ်တွင် ရှင်ဂိုကိုရီဒါ၏ ထောင့်ကန်ဘောမှ လင်ဟန်ချန်းကပိတ်သွင်းပြီး နယူးတိုင် ပေစီးတီးအသင်းအတွက် ဦးဆောင်ဂိုး ရယူသွားသည်။ ရှမ်းယူနိုက်တက်အသင်းဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်ချေပဂိုး ရရှိရေး လူစားလဲမှုများပြုလုပ်ကာ တိုက်စစ်မြှင့်ကစားခဲ့သည်။ ပွဲကစားချိန် ၆၅ မိနစ်တွင် လူစား၀င်ကစား သမားသက်ဝေမိုးက ပြိုင်ဘက်ဂိုးဧရိယာအတွင်း ရှုပ်ထွေးနေသည့် ကြားမှ ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။

လက်ကျန် ပွဲကစားချိန် များတွင်လည်း နှစ်ဖက်အသင်းအခွင့်အရေးကောင်းများကြုံခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိ၍ တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျကာ ပွဲပြီးဆုံးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယနေ့အဖွင့်ပွဲစဉ်တွင် နိုင်ပွဲတစ်ပွဲရရှိရန်ကြိုးစားခဲ့သော်လည်း တိုက်စစ်၏အခွင့်အရေးလွဲချော်မှုများကြောင့် သရေတစ်မှတ်ဖြင့်သာကျေနပ်ခဲ့ရသည်။ အောက်တိုဘာလ ၂၁ ရက်တွင် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် အုပ်စုဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

❍ ကနေဒါစစ်စခန်းမှ

တိုက်ခတ်မှုကြောင့် မီးသည် လျင်မြန်စွာပျံ့နှံ့ပြီး အနီးပတ်ဝန်းကျင်သို့ပါ ကူးစက်သွားသည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသမှုပေးခဲ့ရပြီး အယ်ဘာတာပြည်နယ်အက်ဒမွန်တန်မြို့ရှိ ဆေးရုံများတွင် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။

ကနေဒါကာကွယ်ရေးဝန်ကြီးက ယင်းဖြစ်ရပ်သည် မကြာသေးမီနှစ်များအတွင်း မကြုံစဖူးသောဖြစ်စဉ် တစ်ခုဖြစ်ကြောင်း ပြောသည်။

လက်ရှိတွင် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ကနေဒါတပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ST

M League ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ရပ်တည်

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြန်မာလိဂ်ကကြီးမျှူးကျင်းပသည့် ၂၀၂၆–၂၀၂၇ ရာသီ M League ပွဲစဉ်(၄) နောက်ဆုံးနေ့ပြိုင်ပွဲကို သန်လျင်မြို့ စတားစီးတီး(Sunset Field)ကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံစတားယူနိုက်တက်အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ပထမပိုင်းပွဲစသည်နှင့် ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကို ဦးဆောင်ကစားခဲ့ပြီး စစ်ကိုင်းယူနိုက်တက်ခံစစ်နှင့်ဂိုးသမားတို့က လည်းဂိုးမပေးရရေးအကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့၍ ဒဂုံစတားယူနိုက်တက်အသင်းအဖွင့်ဂိုး ရရန် ကြိုးစားခဲ့ရသည်။ ပွဲကစားချိန် ၁၀ မိနစ်တွင် ကွင်းလယ်မှစခန့် ချောဏ်ပေးပို့မှုကို လူကျွံထောင် ချောက်မှပက်ထရစ်က ဂိုးသမားကို ကျော်၍ ဒဂုံစတားယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းခဲ့သည်။



ဒုတိယပိုင်းတွင်ထလည်း ဒဂုံစတားယူနိုက်တက်အသင်းကသာ ပွဲကို စိတ်ကြိုက်ပုံဖော်တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲကစားချိန် ၅၄ မိနစ်တွင် Njoh Edion က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

စစ်ကိုင်းယူနိုက်တက်အသင်း ချေပဂိုးအတွက် ပြိုင်ဘက်အသင်းကို ပြန်လည်ဖိအားပေးကစားနိုင်၍ ပွဲကစားချိန် ၆၄ မိနစ်နှင့် ၆၆ မိနစ်တို့တွင် နှစ်ဂိုးပြန်လည်ရရှိခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကစားချိန် ၈၈ မိနစ်နှင့် မိနစ်(၉၀+၃) မိနစ်တို့တွင် တတိယဂိုးနှင့်၊ စတုတ္ထဂိုးများသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၄ ဂိုး ၂ ဂိုးဖြင့် ဒဂုံစတားယူနိုက်တက်အသင်းက အနိုင်ရရှိခဲ့သည်။

ထို့အတူ ပဲခူးမြို့၌ ယှဉ်ပြိုင်ကစားသည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ပွဲတွင် ၁ ဂိုး ဂိုးမရှိဖြင့် အီမရှင် ဟံသာဝတီယူနိုက်တက်အသင်းက အနိုင်ရရှိကြောင်းသိရသည်။

ဝန်းရံခ



အီတလီစီးရီးအေပွဲစဉ်(၇)တွင် ရိုးမားအသင်း ဂျီနိုအာအသင်းကို အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၈

အီတလီစီးရီးအေပွဲစဉ်(၇)အဖြစ် ရိုးမားအသင်းနှင့် ဂျီနိုအာအသင်းတို့ အီတလီနိုင်ငံ ရောမမြို့ Stadio Olimpico ကွင်း၌ အောက်တိုဘာလ ၁၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ ရိုးမားအသင်းက ဂျီနိုအာအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်မြှင့်ကစားခဲ့ပြီး ရရှိလာသည့်အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် ရိုးမားအသင်းက ဂျီနိုအာအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်မြှင့်ကစားခဲ့ပြီး ရရှိလာသည့်အခွင့်အရေးများကို နှစ်ဖက်အသင်းတိုက်စစ်ကစားသမားများက အသုံးချနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရိုးမားအသင်းအတွက် ပွဲကစားချိန် ၅၀ တွင် ဆန်တီယာဂိုကက်စထရိုက ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၆၈ မိနစ်တွင် အီမာနျူရယ်လူလီက ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးများ ခွင့်ပြုပေးလိုက်ရပြီးနောက် ဂျီနိုအာအသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ရိုးမားအသင်းဂိုးသမားက လက်စွမ်းပြကာကွယ်နိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရိုးမားအသင်းက ဂျီနိုအာအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်းသည် အီတလီစီးရီးအေပွဲစဉ်(၈)အဖြစ် အောက်တိုဘာလ ၂၄ ရက်တွင် နာပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ZMO**

■ ကျောပုံးမှအဆက်

Fight(36) မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် ၃ မိနစ်ထိုး၊ ၂ မိနစ်နား သုံးချီစိန်ခေါ်ပွဲဖြစ်ပြီး တွဲဆိုင်း ၁၁ ဆိုင်းပါဝင်ထိုးသတ်ခဲ့ကြသည်။

တမာထူး(ရိုးရာကျား)နှင့်ဆလိုင်းကျော်ထင်(Dojo-9) တို့ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ဒုတိယအချီတွင် တမာထူးက လက်သီးတွဲလုံးများဖြင့် ဖိအားပေးထိုးသတ်ကာ ဆလိုင်းကျော်ထင်ကို အနိုင်ယူသွားသည်။

စောထက်ပိုင်(MBC)နှင့် ပြည့်စုံအောင်(Strong Wrestler) တို့ပွဲတွင် ပြည့်စုံအောင်က ပွဲစသည်နှင့်လက်ရည်အသာဖြင့်ထိုးသတ်နိုင်ခဲ့၍ ပထမအချီမှာပင် စောထက်ပိုင်ကို အလဲထိုးအနိုင်ယူခဲ့သည်။

ရဲနိုင်ထွန်း(YMA)နှင့် သက်ထူးစံ(Phoenix Karate)တို့ပွဲတွင် ရဲနိုင်ထွန်းက လက်သီးထိုးချက်များ၊ အမြင့်ကန်ချက်များဖြင့် သက်ထူးစံကို ဖိအားပေးထိုးသတ်ခဲ့သည်။ ရဲနိုင်ထွန်း၏ဖိအားပေးမှုကို သက်ထူးစံ ခုခံရင်ဆိုင်ထိုးသတ်သော်လည်း လက်သီးထိချက်များကြောင့် ပထမအချီမှာပင် အနာတောင်းခဲ့ရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်၍ အရှုံးပေးလိုက်ရသည်။

ထို့အတူ အောင်သူရနိုင်(Unity Seven)နှင့် ဟန်ထက်စိုး(Smart Fight)၊ ထက်လင်း(Top One)နှင့် ဇွဲဘိုဘိုအောင်(Nine)၊ လားလဲဘွဲ(ရိုးရာကျား)နှင့်ထွန်းတောက်(Strong Wrestler)၊ မာနော်(MK-1)နှင့် စိုင်းဝေလု(Phoenix Karate)၊ မိုးမင်းထက်(MK-1)နှင့် ဇေ(Strong Wrestler)၊ ထက်ကြီး(YMA)နှင့် အောင်လေး(YFC)၊ အောင်မာ(RAY) နှင့် ကျော်မင်းလွင်(Unity Seven)၊ စူပါထူး(ကျားမနိုင်)နှင့် သန်းဇော်ဦး(Top One)တို့ပွဲတွင်လူငယ်မျိုးဆက်သစ်ကစားသမားများပီပီ ပရိသတ်အကြိုက် အပြန်အလှန်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း အလူးအလဲနှင့်ပူးတွဲသရေပွဲများသာဖြစ်ခဲ့သည်။

ဝန်းရံခ

MYAWADY IN ENGLISH DAILY EDITION

Republic of the Union of Myanmar
President's Office
Ordinance No 7/2026
7th Waxing of Thadingyut 1388 ME
18 October 2026
Announcement on Validity of Ordinance

1. The President Office issued an Ordinance No 3/2026, declaring the state of emergency on 7th Waxing of Second Waso 1388 Myanmar Era, 21 July 2026.

2. Among the townships in the Regions and States specified in the ordinance, with the exception of Ngazun Township in Mandalay Region, Kyaukme and Hsipaw townships in Shan State, where administrative functions, community peace and stability, and the rule of law have returned to normal, the ordinance shall remain in force for the remaining townships for a further 90 days from today, in accord with Section 212 (d) of the Constitution of the Republic of the Union of Myanmar, with the approval of the sixth day of the Third Regular Session of the Third Pyidaungsu Hluttaw held on 16 October 2026.

Sd/ Min Aung Hlaing
President
Republic of the Union of Myanmar

Republic of the Union of Myanmar
President's Office
Ordinance No 8/2026
7th Waxing of Thadingyut 1388 ME
18 October 2026
Announcement on Validity of Martial Law Order

1. In order to restore the administration, community peace and rule of law in the townships where the State of Emergency has been declared under Ordinance No 7/2026, the martial law order was issued under Section 413 (b) of the Constitution of the Republic of the Union of Myanmar, and the executive and judicial power for these townships was entrusted to the Commander-in-Chief of Defence Services.

2. The Commander-in-Chief of Defence Services shall exercise the power and responsibilities by himself or shall transfer them to any appropriate military authorities.

3. This ordinance remains in force for 90 days from today.

Sd/ Min Aung Hlaing
President
Republic of the Union of Myanmar

Republic of the Union of Myanmar
Office of the Commander-in-Chief of Defence Services
Martial Law Order No 5/2026
7th Waxing of Thadingyut 1388 ME
18 October 2026

The martial law order No 4/2026 issued by the Office of the Commander-in-Chief of Defence Services on 7th Waxing of the Second Waso of 1388 ME (21 July 2026) remains in effect, except in Ngazun Township of Mandalay Region and Kyaukme and Hsipaw townships of Shan State, where administrative affairs, community peace and tranquillity, and the rule of law have returned to their normal state.

Sd/ Ye Win Oo
General
Commander-in-Chief of Defence Services

Vice President U Nyo Saw meets state-level departmental officials in Hpa-an, Kayin State and Mawlamyine, Mon State, inspects implementation of regional development projects

NAY PYI TAW October 18

Vice President U Nyo Saw, accompanied by members of his delegation, arrived in Hpa-an, Kayin State, this morning and delivered opening remarks during a meeting with Kayin State Chief Minister U Saw Myint Oo, state ministers, members of the state government, and state-level departmental officials at the meeting hall of the Kayin State Government Office. Later in the evening, he met and delivered remarks to Mon State Chief Minister U Aung Win Than, members of the state government, and state-level departmental officials at Aungsan Hall in the Mon State Government Office.



Vice President U Nyo Saw observes the manufacturing of modern agricultural machinery.

During the meetings, the Vice President discussed that Kayin State, Mon State, and Taninthayi Region are geographically interconnected and share similar climatic and natural features; therefore, efforts should be made to successfully expand the cultivation of region-appropriate industrial raw crops such as oil palm, rubber, and durian, replace low-yielding aging plantations with high-yield varieties, intercrop coffee and cocoa, and successfully cultivate feed maize for livestock. To boost socio-economic development and advance the agricultural sector, he emphasized striving to process, distribute, and sell agricultural produce as high-value-added products, as well as successfully implementing the agriculture and livestock policies laid down by the Head of State.He further highlighted the necessity of achieving greater progress across all sectors in the respective states, emphasizing that state governments and relevant departments must collaborate closely to reduce and eliminate drug trafficking,

SEE PAGE - 23 ▶▶

Vice President Daw Nan Ni Ni Aye inspects preparations for the successful staging of the 27th Myanmar Traditional Cultural Performing Arts Competitions

NAY PYI TAW October 18

Daw Nan Ni Ni Aye, Vice President of the Republic of the Union of Myanmar and Chairperson of the Organizing Committee for the 27th Myanmar Traditional Cultural Performing Arts Competitions 2026, accompanied by Union Minister U Khin Maung Soe, Nay Pyi Taw Council Chairman U Kan Myint Than, deputy ministers and officials, inspected preparations for the successful staging of the competitions in Nay Pyi Taw this afternoon.

Vice President Daw Nan Ni Ni Aye and her delegation first visited the Myanmar International Convention Centre-I (MICC-I), the National Library, the National Museum, the Ministry of Culture, Hotels and Tourism, and the Nay Pyi Taw accommodation camp, where the opening ceremony and competitions in various disciplines will be held. They inspected preparations for the ceremonies, competition halls, lighting and sound systems, and seating arrangements to ensure contestants could comfortably showcase their artistic talents. They also checked preparations for medical clinics and arrangements to facilitate smooth judging and scoring. Officials explained the preparations in their respective areas.

During the inspection, the Vice President instructed officials to ensure that the opening ceremony, which would reflect the overall image of the competitions, was well organized, with proper arrangements for the programme, sound and lighting systems, and background LED displays. She also called for rehearsals to ensure smooth performances by entertainment groups, careful arrangements for guest seating and security, and adequate preparation of equipment and technical facilities required by contestants. She further stressed the need to regularly check air-conditioning systems and cleanliness



Vice President Daw Nan Ni Ni Aye inspects preparations for the successful staging of the 27th Myanmar Traditional Cultural Performing Arts Competitions.

in the competition halls, and coordinated with officials to address necessary matters.

Upon arriving at the Nay Pyi Taw accommodation camp and Nay Pyi Taw Municipal Guest House (2), Vice President Daw Nan Ni Ni Aye inspected preparations for dormitories, dining halls, restaurants and shops to ensure comfortable accommodation and meals for contestants from regions and states participating in the 27th Myanmar Traditional Cultural Performing Arts Competitions and veteran artists serving as judges. She also reviewed the work of the respective subcommittees. The Vice President instructed officials to ensure adequate water and electricity supplies and cleanliness at the accommodation facilities, provide nutritious, hygienic and fresh meals, and take precautionary measures to protect contestants, team supervisors and judges from health risks

SEE PAGE - 23 ⬢⬢

▶▶FROM PAGE - 22

illegal trade, and online gambling fraud. Additionally, he discussed ensuring the security, speed, and smooth flow of goods; promoting the development of agriculture- and livestock-based MSMEs; securing regional self-sufficiency in rice and edible oil; successfully implementing KG+9 education; ensuring all school-age children enroll in school and improving grade transition rates through collective action; successfully implementing departmental e-government initiatives; and timely executing disaster preparedness and mitigation measures across relevant sectors in response to potential impacts of the El Niño weather phenomenon.

During the meeting, Kayin State Chief Minister U Saw Myint Oo and Mon State Chief Minister U Aung Win Than presented state-specific data and future implementation plans during respective meetings held at their respective state government offices.

Subsequently, the accompanying Union Ministers and Deputy Ministers explained matters concerning regional development, fertilizer distribution, agriculture and livestock, and MSME sectors. The Vice President then reviewed and discussed the submissions, coordinated necessary measures, and delivered a concluding speech.

Earlier in the morning, upon arriving in Hpa-an, Kayin State, the Vice President inspected the assembly operations of three-wheeler vehicles at the Precision Auto Engineering Co., Ltd., and the assembly and quality testing of electric motorcycles and electric bicycles at the Arrow Auto Engineering Co., Ltd., located within the industrial zone. He also observed the manufacturing of modern agricultural machinery at the Shine Htoo Agricultural Machinery Manufacturing Factory, and inspected youth training activities in literature, music, dance, painting, computer science, and sports at the Kayin State Youth Center, with the State Chief Minister and relevant officials reporting on their respective sectors.

In the evening, the Vice President inspected the operations of the high-grade rice mill and grain dryer of the Shwe Myaing Agriculture and General Business Cooperative Society in Mawlamyine.

Myawady

●●FROM PAGE - 22

arising from uneven temperatures and changing weather conditions during the El Niño period. She stressed that necessary assistance should be provided promptly as required.

She then visited the open-air theatre at the Nay Pyi Taw Municipal Hall, where the traditional drama competition will be held, and inspected preparations for performances and seating arrangements for judges and members of the public attending the event. The Vice President instructed officials to make thorough preparations in all aspects to enable competing troupes to fully showcase their artistic talents, noting that the traditional drama competition represents the standard of Myanmar's traditional theatrical arts.


The 27th Myanmar Traditional Cultural Performing Arts Competitions 2026 will be held grandly from October 21 to 29, guided by four objectives: promoting national pride and dignity while preserving the traditional cultural heritage of ethnic nationalities; fostering greater appreciation of traditional culture and patriotic spirit among younger generations; identifying, preserving and promoting the continued development of Myanmar's traditional cultural arts, and contributing to national development through the strength of cultural and artistic expression. More than 2,400 contestants from regions and states are expected to participate in the competitions.

Myawady

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW October 18

As a national responsibility, the government has placed emphasis on combat against online scams and gambling and carried out systematic complete demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used for such crimes again.

In doing so, the demolition of one of the 5-storey buildings used in online scams and gambling and being knocked down with the use of machinery in Shwe Kokko (Part-II) continued and 90 percent of the demolition works completed. Demolition of another 5-storey building there completed 15 percent so far.


Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified as to be knocked down with the use of machinery, four to be detonated and 34 to be brought down manually floor by floor due to their proximity to residential buildings. Systematic demolition works continued, completing detonation of four buildings and demolition of one with the use of machinery. The remaining 58 buildings will be systematically demolished.

In cooperation with neighboring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat on the global socio-economic arena and national security.

100



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

Public Notice for Elimination of Violence


1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 62 Verb + preposition + -ing (succeed in -ing / insist on -ing etc.)

Exercises

62.3 **Complete the sentences on the right.**



Unit 63 there's no point in -ing, it's worth -ing etc.

A We say:

there's no point in **it's no use** **it's no good**	**doing** something

- **There's no point in having** a car if you never use it.
- **There was no point in waiting** any longer, so we left.
- **It's no use worrying** about what happened. There's nothing you can do about it.
- **It's no good trying** to persuade me. You won't succeed.

We say '**no point in** …' but '**the point of** …' :

- There's **no point in** having a car.
- What's **the point of** having a car if you never use it?

B We say:

it's worth **it's not worth**	**doing** something

- It's a nice town. **It's worth spending** a few days there.
- Our flight was very early in the morning, so **it wasn't worth going** to bed.

You can say that something is **worth it** or **not worth it**:

- You should spend a couple of days here. **It's worth it**.
- We didn't go to bed. **It wasn't worth it.**

You can also say that something is **worth doing**, a movie is **worth seeing** etc. :

- It's a great movie. It's **worth seeing**.
- Thieves broke into the house, but didn't take anything. There was nothing **worth stealing**.
- It's an interesting idea. It's **worth thinking** about.

Raymond Murphy

မန်ယူအသင်းက ယခုဘောလုံးရာသီအကုန်တွင် ဖာနန်ဒက်စ်၊ မက်ဂွိုင်းယား၊ လုရှောခ်၊ မာတီနက်ဇ်တို့နှင့် လမ်းခွဲရန်ဆုံးဖြတ်

မန်ချက်စတာ အောက်တိုဘာ ၁၈

မန်ယူအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်နှင့်အတူ မက်ဂွိုင်းယား၊ လုရှောခ်၊ မာတီနက်ဇ်တို့နှင့် လမ်းခွဲရန်ဆုံးဖြတ်ခဲ့သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီအကုန်တွင် အဆိုပါကစားသမားလေးဦးနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက အသင်းခေါင်းဆောင် ဖာနန်ဒက်စ်နှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ အလားတူ မက်ဂွိုင်းယား၊ လုရှောခ်တို့နှင့်လည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက ခံစစ်ကစားသမား မာတီနက်ဇ်နှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်စီစဉ်ထားပြီး မာတီနက်ဇ်အနေဖြင့် ပြီးခဲ့သည့် အက်သလက်တီကိုအသင်းကိုရှုံးနိမ့်ခဲ့သောပွဲစဉ်အပြီးတွင် အသင်းဘုတ်အဖွဲ့ဝင်များကို လူသိရှင်ကြား ဝေဖန်မှုများလုပ်ဆောင်ခဲ့သည်။ ၎င်းသည် လက်ရှိတွင် အသင်းနှင့်ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းသစ်နှင့် ရာသီအစခုနစ်ပွဲဆက်အနိုင်ရရှိသည့် နည်းပြအဖြစ် မန်စီးတီးအသင်းနည်းပြမာရက်စ်ကာမှတ်တမ်းဝင်



လန်ဒန် အောက်တိုဘာ ၁၈

မန်စီးတီးအသင်းနည်းပြမာရက်စ်ကာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အသင်းသစ်နှင့် ရာသီအစ ခုနစ်ပွဲဆက်အနိုင်ရရှိသည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) အဖြစ်ကစားသည့် မန်စီးတီးအသင်းနှင့် အစ်ဝှစ်အသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းက ၃ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိပြီး နည်းပြမာရက်စ်ကာ အနေဖြင့် စံချိန်မှတ်တမ်းကောင်း တစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြ မာရက်စ်ကာသည် မန်စီးတီးအသင်းကို ယခုဘောလုံးရာသီမှ စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းသစ်နှင့်ရာသီအစ ခြောက်ပွဲဆက် အနိုင်ရရှိသည့် နည်းပြများအဖြစ် ၂၀၀၉-၂၀၁၀ ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနည်းပြဟောင်း အန်ဆယ်လော့တီ၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက မန်စီးတီးအသင်းနည်းပြဟောင်း ဂွါဒီယိုလာ၊၂၀၁၈-၂၀၁၉ ဘောလုံးရာသီက မန်ယူအသင်းနည်းပြဟောင်း ဆိုးလ်ရှားတို့နှင့် အတူ နည်းပြမာရက်စ်ကာက ရပ်တည်နေသော်လည်း ယခုအခါ နည်းပြမာရက်စ်ကာက ရာသီအစ ခုနစ်ပွဲဆက် အနိုင်ရရှိသည့် ပထမဆုံးနည်းပြအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခု ဘောလုံးရာသီ နည်းပြမာရက်စ်ကာ လက်အောက်၌ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ဘုန်းမောက်အသင်းကို ၂ ဂိုး-၁ ဂိုး၊ ပဲလေ့စ်အသင်းကို ၄ ဂိုး-၁ ဂိုး၊ ကိုဗင်ထရီအသင်းကို ၁ ဂိုး-ဂိုးမရှိ၊ မန်ယူအသင်းကို ၁ ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းအသင်းကို ၅ ဂိုး-၃ ဂိုး၊ လီဗာပူးအသင်းကို ၃ ဂိုး-ဂိုးမရှိ၊ အစ်ဝှစ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေကြောင်း သိရသည်။

Ref;Fabrizio Romano



UFC 333 ပြိုင်ပွဲကို ယူအေအီးနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

အဘူဒါဘီ အောက်တိုဘာ ၁၈

UFC အဖွဲ့ချုပ်က UFC 333 ပြိုင်ပွဲကို သတ်မှတ်ထားသည့်အတိုင်း ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

UFC အဖွဲ့ချုပ်က UFC 333 ပြိုင်ပွဲကို အောက်တိုဘာလ ၂၄ ရက်တွင် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

သို့သော် လက်ရှိကာလအတွင်း UFC 333 ပြိုင်ပွဲကို ရွှေ့ဆိုင်းဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း UFC 333 အဖွဲ့ချုပ်က ပြိုင်ပွဲကိုရွှေ့ဆိုင်းကျင်းပမည်မဟုတ်ဘဲ သတ်မှတ်ထားသည့်ရက်အတိုင်းသာ ကျင်းပမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသနိုင်ငံတချို့ရှိ နိုင်ငံတကာလေဆိပ်များ၌ လုံခြုံရေးအခြေအနေများကြောင့် ပြိုင်ပွဲတချို့ကို ကျင်းပရန်ရွှေ့ဆိုင်းခဲ့သော်လည်း UFC အဖွဲ့ချုပ်က UFC 333 ပြိုင်ပွဲကို ရွှေ့ဆိုင်းကျင်းပမည်မဟုတ်ဘဲ သတ်မှတ်ထားသည့်အတိုင်း ကျင်းပရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

UFC 333 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းဖြစ်သည့် UFC ဖယ်သာဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဩစတြေးလျဖိုက်တာ ဗိုကာနော့စကီးနှင့် စိန်ခေါ်သူ ရုရှားဖိုက်တာ အီဗာလော့ဗ်တို့ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။***Ref;MMA Tales***

DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ရာသီဥတုအခြေအနေကြောင့် တတိယအကျော့တွင် ရွှေ့ဆိုင်းခဲ့ရ

နယူးဒေလီ အောက်တိုဘာ ၁၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပနေသည့် DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲတို့ ရာသီဥတုအခြေအနေကြောင့် တတိယအကျော့တွင် မပြီးဆုံးမီ ရွှေ့ဆိုင်းခဲ့ရသည်။

အဆိုပါပြိုင်ပွဲ တတိယအကျော့ကို အောက်တိုဘာလ ၁၇ ရက်ကကျင်းပရာ ညနေပိုင်းတွင် ရာသီဥတုအခြေအနေကြောင့် လုံလောက်သောအလင်းရောင် မရရှိသည့်အတွက် ပြိုင်ပွဲကျင်းပရေးကော်မတီက တတိယအကျော့မပြီးဆုံးမီ ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအကျော့တွင် စပိန်ဂေါက်သီးရိုက်ကစားသမား ချာကာရာက စုစုပေါင်းရိုက်ချက် ၆၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့၊ ဒုတိယအကျော့တွင်လည်း ချာကာရာက စုစုပေါင်းရိုက်ချက် ၆၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ နှစ်ကျော့ပေါင်း စုစုပေါင်းရိုက်ချက် ၁၃၄ ချက် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ဖြင့် ထိပ်ဆုံးမှဦးဆောင်နေခြင်းဖြစ်သည်။

ထို့နောက် တတိယအကျော့အဖြစ် အောက်တိုဘာလ ၁၇ ရက်တွင် ဆက်လက်ကစားရာ ၁၁ ကျင်းကစားပြီးချိန်၌ ရာသီဥတုအခြေအနေကြောင့် ပြိုင်ပွဲကိုရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ တတိယအကျော့ မပြီးဆုံးမီ ချာကာရာ၏နောက်တွင် စကော့တလန်ဂေါက်သီးရိုက်ကစားသမား စကော့ ဂျာမိုင်ဆန်က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ဖြင့်ရပ်တည်နေပြီး လက်ရှိ ချန်ပီယံ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား တွမ်မီဖလက်ဝုဒ်အနေဖြင့် ရလဒ်ကောင်းများမရရှိဘဲ အဆင့်(၅)နေရာသို့ ပင် မဝင်ရောက်နိုင်သေးကြောင်း သိရသည်။

Ref;DP Tour

အာဆင်နယ်အသင်းမှထွက်ခွာရန် တိုက်စစ်ကစားသမား ဂရိုကီယက်ဆုံးဖြတ်ထား

လန်ဒန် အောက်တိုဘာ ၁၈

အာဆင်နယ်အသင်း တိုက်စစ်ကစားသမား ဂရိုကီယက်သည် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည်။

အသက် ၂၈ နှစ်အရွယ် ဂရိုကီယက်သည် ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက စပို့တင်းလစ္စ ဘွန်းအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၅ ပွဲ အထိ ပါဝင်ကစားခဲ့ရသော်လည်း ယခုဘောလုံးရာသီတွင် ပွဲကစားခွင့်နည်းပါးနေကာ ပွဲထွက်ကစားသမားစာရင်းမှ ချုန်လှပ်ခံရခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက အသင်းအထောင်တိုက်စစ်ပိုင်းနေရာတွင် ကိုင်ဟာဗက်ကိုသာ ဦးစားပေးကစားသမားအဖြစ်အသုံးပြုနေပြီး ဂရိုကီယက်အား ကိုင်ဟာဗက်နောက်မှသာ ဒုတိယဦးစားပေးကစားသမားအဖြစ် အသုံးပြုနေသည့်အတွက် ဂရိုကီယက်အနေဖြင့် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိနိုင်မည့်အသင်းတစ်သင်းသို့ အငှားစာချုပ်သို့မဟုတ် အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာကိုယ်တိုင်ကလည်း ဂရိုကီယက်အား လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာလိုပါက ခွင့်ပြုပေးထားသည့်အတွက် ဂရိုကီယက်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ ၎င်းကို အက်သလက်တီကိုအသင်းက အနာဂတ်မရေမရာဖြစ်နေသည့် အယ်ဗာရက်၏နေရာ၌ အစားထိုးရန် ခေါ်ယူလိုနေကြောင်း သိရသည်။

Ref;Topskillsports UK

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ခဲ့တဲ့တရုတ်နိုင်ငံ

ထက်မြတ်



ဆင်းရဲနွမ်းပါးမှုဆိုတာက ငွေမရှိတာတစ်ခုတည်းကို ပြောတာမဟုတ်ပါဘူး။ လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ စျေးကွက်ကို မရောက်နိုင်တာ၊ လျှပ်စစ်မီးမရှိလို့လုပ်ငန်းတွေမလုပ်နိုင်တာ၊ သန့်ရှင်းတဲ့သောက်ရေမရလို့ နေ့စဉ်ဘဝမှာ အခက်အခဲတွေ ကြုံတွေ့နေရတာတွေလည်းပါဝင်ပါတယ်။ ဒီလိုအခြေအနေတွေကြားမှာ နေထိုင်ရတဲ့သူတွေအတွက် ဆင်းရဲနွမ်းပါးမှုကနေလွတ်မြောက်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆင်းရဲတဲ့အတွက် တစ်သက်လုံးဆင်းရဲနေရမယ်လို့ သတ်မှတ်ထားလို့လည်းမရပါဘူး။ အခွင့်အလမ်းတွေဖန်တီးပေးနိုင်မယ်၊ လိုအပ်တဲ့အကူအညီတွေပေးနိုင်မယ်ဆိုရင် အဆင်းရဲဆုံးဒေသမှာ နေထိုင်ကြသူတွေတောင် သူတို့ရဲ့ဘဝကို ပြောင်းလဲနိုင်ပါတယ်။

တရုတ်သမ္မတ ရှီကျင့်ဖျင် ကိုယ်တိုင်ကလည်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုတာဟာ “လူသားအားလုံးရဲ့ ဘုံရည်မှန်းချက်” ဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၂၁ ခုနှစ်မှာ အကြွင်းမဲ့ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးမှာ အပြည့်အဝအောင်မြင်ခဲ့ပြီလို့ ကြေညာခဲ့ပါတယ်။ အဲဒီအချိန်ကနေ အခုဆိုရင် ငါးနှစ်ကြာမြင့်လာပါပြီ။ ဒီကာလအတွင်း တရုတ်နိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွေ့အကြုံတွေဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက်တော့ လေ့လာစရာတစ်ခုအဖြစ် ရှိနေဆဲပါပဲ။

အခုလိုအောင်မြင်မှုကို စိတ်ဝင်စားစရာကောင်းစေတာက ဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်ဖို့ နိုင်ငံတစ်ဝန်းလှုပ်ရှားမှုကြီးတစ်ခုစတင်ခဲ့တာတင် မဟုတ်ပါဘူး။ ရှီကျင့်ဖျင် ကိုယ်တိုင် ဆင်းရဲတဲ့ဒေသတွေမှာတာဝန်ထမ်းဆောင်ခဲ့တဲ့ အစောပိုင်းကာလတွေကတည်းက ဒီပြဿနာကို အာရုံစိုက်ခဲ့တာပါ။ နောက်ပိုင်းမှာ နိုင်ငံတစ်ဝန်းအကောင်အထည်ဖော်ခဲ့သလို အခြားသောနိုင်ငံတွေနဲ့လည်း အတွေ့အကြုံတွေ မျှဝေပေးဖို့ကို ကြိုးပမ်းလာခဲ့ပါတယ်။

ဆင်းရဲတဲ့ကျေးရွာလေးတစ်ရွာမှ စတင်ခဲ့တဲ့ခရီး

ရှီကျင့်ဖျင်အနေနဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေးအပေါ် စိတ်ဝင်စားလာမှုဟာ တရုတ်နိုင်ငံရဲ့ ထိပ်တန်းခေါင်းဆောင်ဖြစ်လာပြီးမှ စတင်ခဲ့တာမျိုးမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာကတည်းက ဆင်းရဲတဲ့ကျေးလက်ဒေသတွေကို ကိုယ်တိုင်သွားရောက်လေ့လာရင်း ဒီပြဿနာကို ဖြေရှင်းဖို့ကြိုးစားခဲ့တာဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်မှာ ရှီကျင့်ဖျင်ဟာ တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် နင်းတဲဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့ဖူးပါတယ်။ အဲဒီဆောင်းပါးမှာ “အားနည်းတဲ့ ငှက်ငယ်လေးတစ်ကောင်တောင်မှ ပထမဆုံး ပျံသန်းနိုင်သလို အဆင်းရဲဆုံးသောသူတွေဟာလည်း ပထမဆုံးချမ်းသာလာနိုင်သူတွေ ဖြစ်နိုင်တယ်” ဆိုတဲ့ အဓိပ္ပာယ်ရှိတဲ့ စကားကိုဖော်ပြခဲ့ပါတယ်။

ဒီစကားက ဘာကိုပြောချင်တာလဲဆိုတော့ လက်ရှိအခြေအနေမှာ အားနည်းနေတယ်၊ ဆင်းရဲနေတယ်ဆိုတာနဲ့ အနာဂတ်မှာလည်း အဲဒီအခြေအနေအတိုင်း ဆက်ရှိနေရမယ်လို့ မဆိုလိုဘူးဆိုတာပါပဲ။ အဲဒီအမြင်ကို လက်တွေ့အကောင်အထည်ဖော်နိုင်စေဖို့ ကြိုးစားခဲ့တဲ့ ဖြစ်ရပ်တစ်ခုလည်း ရှိပါတယ်။ ၁၉၈၉ ခုနှစ် နွေရာသီမှာ အဲဒီအချိန်က နင်းတဲဒေသပါတီအတွင်းရေးမှူးဖြစ်တဲ့ရှီကျင့်ဖျင်ဟာ ရှားတန်းလို့ခေါ်တဲ့ ဝေးလံခေါင်သီတဲ့ တောင်ပေါ်မြို့နယ်လေးတစ်ခုကိုသွားရောက်ခဲ့ပါတယ်။ အဲဒီနေရာကိုသွားဖို့ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲတာကြောင့် ကားနဲ့သွားရတဲ့အပြင် တချို့နေရာတွေကို ခြေကျင်လျှောက်ခဲ့ရပါတယ်။ သူဟာ အဲဒီဒေသကို နှစ်ကြိမ်ပြန်သွားခဲ့ပြီး ဒေသခံတွေ ကြုံတွေ့နေရတဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနဲ့ ရေပေးဝေရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ကူညီခဲ့ပါတယ်။

ဒီနေရာမှာ စဉ်းစားကြည့်စရာတစ်ခုရှိပါတယ်။ ဆင်းရဲတဲ့ဒေသတစ်ခုမှာ နေထိုင်သူတွေကို ငွေကြေးအကူအညီပေးလိုက်ရုံနဲ့ သူတို့ရဲ့ဘဝက အပြည့်အဝပြောင်းလဲသွားနိုင်ပါ့မလားဆိုတာပါ။ သွားဖို့လမ်းမရှိရင် ကုန်ပစ္စည်းတွေကို စျေးကွက်ထဲ ဘယ်လိုပို့မလဲ။ လျှပ်စစ်မီးမရှိရင် လုပ်ငန်းတွေကို ဘယ်လိုတိုးချဲ့မလဲ။ ရေရရှိဖို့ ခက်ခဲနေရင် နေ့စဉ်ဘဝကို ဘယ်လိုအဆင်ပြေအောင်လုပ်မလဲ။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချဖို့ဆိုရင် လူတွေကိုငွေကြေးပေးတာတစ်ခုတည်းထက် သူတို့ရဲ့ဘဝကို ပြောင်းလဲပေးနိုင်မယ့် အခြေခံအဆောက်အဦတွေကိုပါ တည်ဆောက်ပေးဖို့လိုအပ်ပါတယ်။

ရှားတန်းဒေသရဲ့ အခြေအနေကလည်း နောက်ပိုင်းမှာ ပြောင်းလဲလာခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဒေသခံတွေက သူတို့ရဲ့မြို့ဟာ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်သွားပြီဖြစ်ကြောင်း ရှီကျင့်ဖျင်ထံ စာရေးသားပေးပို့ခဲ့ပါတယ်။ ရှီကျင့်ဖျင်ကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း အကြောင်းပြန်ခဲ့ပါတယ်။ တစ်ချိန်တုန်းက သွားလာဖို့ တောင်ခက်ခဲခဲ့တဲ့ တောင်ပေါ်ဒေသလေးတစ်ခုက ဆယ်စုနှစ်များစွာကြာပြီးနောက် ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်လာခဲ့တယ်ဆိုတာ ဒီကြိုးပမ်းမှုတွေရဲ့ အရေးပါမှုကို ပြသနေတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။

လူတိုင်းကို တစ်ပုံစံတည်းကူညီလို့ မရဘူး

တရုတ်နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ အရေးပါတဲ့အယူအဆတစ်ခုက တော့ လူတိုင်းရဲ့အခြေအနေကို သီးခြားစီကြည့်ဖို့ပါပဲ။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ ရှီကျင့်ဖျင်ဟာ ဟူနန်ပြည်နယ် ရှီပတုန်းကျေးရွာကို သွားရောက်ခဲ့ပါတယ်။ အဲဒီမှာ ဒေသခံတွေနဲ့ ဆွေးနွေးရင်း “ရည်မှန်းချက်ထား၍ တိကျစွာဆင်းရဲနွမ်းပါးမှုလျှော့ချရေး” လို့ အဓိပ္ပာယ်ရတဲ့ Targeted Poverty Alleviation အယူအဆကို ပထမဆုံး အကြိမ် အဆိုပြုခဲ့ပါတယ်။ ဒီအယူအဆက ရှင်းပါတယ်။ ဆင်းရဲနေတဲ့သူတိုင်းကို အကူအညီတစ်မျိုးတည်းပေးမယ့်အစား ဘာကြောင့် ဆင်းရဲနေတာလဲဆိုတာကို အရင်ရှာဖွေပြီး အဲဒီလိုအကြောင်းရင်းနဲ့ ကိုက်ညီတဲ့ အကူအညီကို ပေးသွားဖို့ဖြစ်ပါတယ်။

ဥပမာ လယ်ယာမြေရှိပေမယ့် စိုက်ပျိုးရေးနည်းပညာမရှိတဲ့ တောင်သူတစ်ဦးဆိုရင် နည်းပညာကိုသင်ကြားပေးဖို့နဲ့ သူ့ရဲ့ထွက်ကုန်တွေ ရောင်းချနိုင်မယ့်စျေးကွက်ကိုဖန်တီးပေးဖို့လိုအပ်နိုင်ပါတယ်။ လယ်ယာမြေမရှိတဲ့ မိသားစုတစ်စုအတွက်ဆိုရင်တော့ အလုပ်အကိုင်အခွင့်အလမ်းတွေကိုဖန်တီးပေးဖို့က ပိုပြီးအရေးကြီးနိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမရှိတဲ့ ကျေးရွာတစ်ရွာဆိုရင် လမ်းဖောက်လုပ်ပေးခြင်းက အဓိကဖြေရှင်းနည်း ဖြစ်လာနိုင်ပါတယ်။ ဆိုလိုတာက ဆင်းရဲနွမ်းပါးမှုကို ဖြေရှင်းဖို့အတွက် လူတိုင်းရဲ့လိုအပ်ချက်ကို နားလည်ဖို့လိုပါတယ်။

ရှီကျင့်ဖျင်ဟာ တရုတ်နိုင်ငံရဲ့ထိပ်တန်းခေါင်းဆောင် ဖြစ်လာပြီးနောက်မှာလည်း ဒီနည်းလမ်းကို ဆက်လက်ကျင့်သုံးခဲ့ပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ပတ်သက်တဲ့ စစ်ဆေးလေ့လာရေးခရီးစဉ် ၅၀ ကျော် သွားရောက်ခဲ့ပြီး နိုင်ငံအတွင်းရှိ အလွန်အမင်းဆင်းရဲနွမ်းပါးတဲ့ ဆက်စပ်ဒေသ ၁၄ ခုစလုံးကို ရောက်ရှိခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ စီချမ်ပြည်နယ် ကျောက်ကျယ်ခရိုင်ရှိ ဆင်းရဲနွမ်းပါးလှတဲ့ ယီတိုင်းရင်းသားမိသားစုတွေဆီကို သွားရောက်ခဲ့ပါတယ်။ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအခြေအနေတွေကို မေးမြန်းစူးစမ်းခဲ့သလို ဆင်းရဲနွမ်းပါးမှုကို ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတာကိုလည်း ဒေသခံတွေနဲ့ တာဝန်ရှိသူတွေကြား ဆွေးနွေးခဲ့ပါတယ်။

ဒီခရီးစဉ်အတွင်း သူက လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို အလယ်အလတ်အဆင့် ကြွယ်ဝချမ်းသာတဲ့ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် တည်ဆောက်တဲ့အခါ တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်စေ၊ မိသားစုတစ်စုဖြစ်စေ ဘယ်သူမှ နောက်ကျမကျန်ခဲ့စေရဘူးလို့ ပြောခဲ့ပါတယ်။ ဒီအချက်ကလည်း စီးပွားရေး တိုးတက်လာတယ်ဆိုတာနဲ့တင် မလုံလောက်ဘူးဆိုတာ ပြသနေပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးတိုးတက်နေပေမယ့် အဲဒီတိုးတက်မှုရဲ့ အကျိုးကျေးဇူးကို လူတချို့ပဲ ခံစားနေရပြီး ကျန်တဲ့သူတွေက ဆင်းရဲနေဆဲဆိုရင် ပြဿနာကပြီးဆုံးသွားပြီလို့ မဆိုနိုင်ပါဘူး။

ရှစ်နှစ်အတွင်းလူသန်း ၁၀၀ ရဲ့ ဘဝပြောင်းလဲမှု

ဒီလိုကြိုးပမ်းမှုတွေဟာ နောက်ဆုံးမှာ ဘယ်လိုရလဒ်ထွက်ပေါ်လာသလဲ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်မှာ ရှီကျင့်ဖျင်က တရုတ်နိုင်ငံဟာ အကြွင်းမဲ့ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး အပြည့်အဝအောင်မြင်ခဲ့ပြီလို့ ကြေညာခဲ့ပါတယ်။

Ref: Xinhua

ဆက်လက်ဖော်ပြပါမည်



ဟော်မုရေလက်ကြားပြန်ဖွင့်ရေး အီရန်၏အဆိုပြုချက် အသက်ဝင်နေဆဲဖြစ်

ဘဂ္ဂဒက်၊ နိုင်ငံရေး

အီရန်နိုင်ငံက ဟော်မုရေလက်ကြားကို ခုနစ်ရက်အတွင်း ပြန်ဖွင့်ပေးရန် အမေရိကန်နိုင်ငံထံ ပေးပို့ထားသည့်အဆိုပြုချက်မှာ အသက်ဝင်နေဆဲဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီက အောက်တိုဘာလ ၁၈ ရက်တွင်ပြောသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အစည်းအဝေးတက်နေစဉ် အီရန်မီဒီယာများနှင့်တွေ့ဆုံရာတွင် ၎င်းက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ အီရန်သည် အပစ်အခတ်ရပ်စဲရေး ယာယီသဘောတူညီချက်ပျက်ပြားမှုအပြီး စက်တင်ဘာလလယ်တွင် အဆိုပြုချက်ကို အမေရိကန်ထံ ပေးပို့ထားခြင်းဖြစ်သည်။

အမေရိကန်ဘက်က ထိုအဆိုပြုချက်အပေါ် တုံ့ပြန်ချက်ပေးပို့ထားသော်လည်း ရေလက်ကြားပြန်ဖွင့်ရေးအတွက် သတ်မှတ်ထားသည့် အချက်ခုနစ်ချက်လုံးကို ဖြေရှင်းပေးခြင်းမရှိသေးသဖြင့် ဆွေးနွေးမှုများ ရပ်တန့်နေကြောင်း အီရန်ဘက်က ဆိုသည်။

အီရန်၏တောင်းဆိုချက်များတွင် ၎င်း၏ ဆိပ်ကမ်းများအပေါ် အမေရိကန်၏ ပိတ်ဆို့မှုကို ရုပ်သိမ်းပေးရေး၊ ရေနံတင်ပို့မှုအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားရေးနှင့် ဒေသတွင်း စစ်ရေးပဋိပက္ခများအဆုံးသတ်ရေးတို့ ပါဝင်ကြောင်းသိရသည်။

Ref: ST

မြန်မာနိုင်ငံ မြေဩာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံ မြေဩာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

- ❖ ကျင်းပမည့်နေ့ရက် – ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်(စနေနေ့)
- ❖ ကျင်းပမည့်အချိန် – နံနက် ၉ နာရီမှ ၁၁ နာရီထိ (၀၈:၃၀ နာရီတွင် ကြိုတင်နေရာယူပေးပါရန်)
- ❖ ကျင်းပမည့်နေရာ – HOTEL MAX (Nay Pyi Taw), Kumudra Grand Ballroom

၂။ မြန်မာနိုင်ငံ မြေဩာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို တက်ရောက်နိုင်ပါရန်နှင့် အသင်းသူ/အသင်းသားများပါဝင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၈၃၃၃၃၅၅၈၊ ၀၉-၉၈၈၅၃၉၃၀ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ မြေဩာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါပစ္စည်းများအား ယှဉ်ပြိုင်ပါတင်ဒါအမှတ်အတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်
၁	52(T)/26-27	ဒလသင်္ဘောကျင်း(တံလျှပ်ကွင်း)ဝင်းအတွင်းရှိ ထရန်စဖော်မာ အသစ်(၁)လုံးတပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ(Deposit Work)အတွက် လျှပ်စစ်ဆိုင်ရာဆက်စပ်ပစ္စည်း(၇)မျိုးဝယ်ယူခြင်း
၂	53(T)/26-27	သန်လျင်(ပျဉ်ထောင်ကျောင်း)ဆက်သွယ်ရေးဝင်းသို့ ယခင် သွယ်တန်းထားသောလိုင်းအပေါင်းအား အစားထိုးလဲလှယ် သွယ်တန်းခြင်းလုပ်ငန်း(Deposit Work)အတွက် ကောင်းကင်ဓာတ်အားလိုင်းသုံးပစ္စည်း(၂၁)မျိုးအား ဝယ်ယူခြင်း

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၁၉-၁၀-၂၀၂၆) နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၅-၁၁-၂၀၂၆)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပျောက်ဆုံးကြောင်း

သန်းထွန်းလေး(ဘ)ဦးအုမ်းဗဟာဒူး ၅/ကလထ(နိုင်)၂၃၅၈၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၂)ရပ်ကွက်နေ အဘ ဦးအောင်သန်း၏သား ဦးလင်းထက်အောင် ၈/ရစက(နိုင်) ၁၂၀၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (539494)မှာ ပျောက် ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၁၄၀၀၄၉၉၀

ပျောက်ဆုံးကြောင်း

လှိုင်းဘွဲ့မြို့၊ ရွှမ်းရွာ၊ ပိုပလေအုပ်စုနေ အောင်ရီမင်း(ဘ)ဦးဖားကော်မေး ၃/လဘန(နိုင်)၂၁၀၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 768757)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၆၅၉၁၇၄၅၅

ပျောက်ဆုံးကြောင်း

မှူးသူး(ဘ)ဦးရွှေလင်း ၃/ပကန(နိုင်) ၀၃၇၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၉၉၁၄၅၅၅

ပျောက်ဆုံးကြောင်း

မျိုးလွင်(ဘ)ဦးသိန်းလွင် ၁၂/သဃက(နိုင်) ၀၂၇၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၀၂၆၉၆၃

ပျောက်ဆုံးကြောင်း

သားညီဦး(ဘ)ဦးခင်မောင်ချင်း ၁၄/ကခန(နိုင်)၁၁၉၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 415717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မဟွေးဟွယ်(ဘ)ဦးခိုက်ပါ ၁၃/ကလတ(နိုင်)၀၄၃၈၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မင်းသန့်ပိုင်(ဘ)ဦးသန့်ဇင်ဦး ၁၄/ကပန(နိုင်)၂၆၉၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 792463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၁၂၅၂၀၆၆

ပျောက်ဆုံးကြောင်း

အောင်ကိုကို(ဘ)ဦးမြင့်ကို ၁၄/ကခန(နိုင်) ၁၂၄၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 048955)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဟန်ချိုအောင်(ဘ)ဦးဘိုးအောင် ၁/တတန(နိုင်)၂၁၆၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မဲသဇင်သင်း(ဘ)ဦးသန်းမင်းစိုး ၁၄/ကခန(နိုင်)၁၁၉၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 739034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ခင်စန္ဒာမျိုး(ဘ)ဦးတင်ဝင်း ၁၄/ကခန(နိုင်) ၁၀၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 521035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

အောင်ကျော်ကျော်(ဘ)ဦးမင်းနိုင်၉/တသန(နိုင်)၂၆၁၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

အောင်သက်ဖြိုး(ဘ)ဦးအောင်နိုင်ဦး ၁၄/လမန(နိုင်)၂၄၄၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

အားကစားမြှင့်တင် စိတ်လန်းရွှင်ဆန့်ကျင်မူးယစ်ဆေး



ရန်ကုန်တိုင်းဒေသကြီးရန်ကင်းမြို့နယ်အမှတ်(၂)ရပ်ကွက်ဆရာစံလမ်းရှိ ရန်ကင်းစင်တာမီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာလ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကင်းစင်တာအတွင်း မီးသတ်တပ်ဖွဲ့အရေးပေါ် 191 Application အသုံးပြုပုံ၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံများရှင်းလင်းပြောကြားပေးစဉ်။

ချမ်းမြေ့

တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများကို ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

တောင်ငူ အောက်တိုဘာ ၁၈

ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလက်လှမ်းမီရရှိစေရန်နှင့် ကုသစရိတ်သက်သာစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်ပံ့ပိုးမှုဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၁ ဦးပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့နှင့် တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အထူးကုဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းကုသမှုဆောင်ရွက်ပေးရာတွင် အထွေထွေရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ ရင်ခေါင်းရောဂါ၊ အရိုးအကြောအဆစ်ရောဂါ၊ သွေးရောဂါအပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါစသည့် လူနာအမျိုးအစားပေါင်းစုံကို ကြည့်ရှုကုသပေးကြသည့်အပြင် လူနာများအတွက် လိုအပ်သည့်အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုကုသခြင်း၊ ကွန်ပျူတာဓာတ်မှန်(CT scan)ရိုက်ကူးခြင်း၊ ဓာတ်မှန်နှင့် တယ်လီဗေးရှင်းဓာတ်မှန်(Ultra-sound)တို့ဖြင့် ရောဂါရှာဖွေခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့်



နှလုံးစက်ဖြင့် စစ်ဆေးခြင်းများကို တစ်ပါတည်းဆောင်ရွက်ပေးနိုင်ခဲ့ကြကြောင်း သိရသည်။

ယင်းဆေးကုသမှုခရီးစဉ်တွင် ဆီးချိုနှင့် သွေးတိုးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲများကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှမြို့ပေါ်နှင့်ကျေးလက်နေ ဒေသခံပြည်သူ ၁၆၂၅ ဦးလာရောက်ပြသကုသလျက်ရှိပြီး အောက်တိုဘာလ ၁၇ ရက်မှ ၁၈ ရက်အထိ ကွင်းဆင်းကုသမှုဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ဆက်လက်ကုသမှုခံယူရန် လိုအပ်သည့်လူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ စနစ်တကျလွှဲပြောင်းကုသပေးလျက်ရှိကြောင်းသိရသည်။

(၄၁၀)

လူ ၅ သိန်းခွဲပါဝင်သည့် ပြင်သစ်ဆန္ဒပြပွဲများတွင် လူ ၄၀၀ ခန့်ကိုဖမ်းဆီးထား

ပဲရစ်၊ ပြည်တွင်းရေး

ပြင်သစ်နိုင်ငံတစ်ဝန်း၌ အောက်တိုဘာလ ၁၇ ရက်တွင်ဖြစ်ပွားသော ဆန္ဒပြမှုများအတွင်း လူပေါင်း ၅ သိန်းခွဲပါဝင်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး လောရန့်နူနန့် ကပြောသည်။ ဆန္ဒပြပွဲသည် ဆူပူမှုအထိ ကူးပြောင်းလာပြီး ဆန္ဒပြသူများအနက် လူ ၄၀၀ ခန့်ကို တာဝန်ရှိသူများကဖမ်းဆီးထားသည်။ ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင် အယောက် ၆၀ ခန့်မှာလည်း ဒဏ်ရာများရရှိခဲ့သည်။



ပြင်သစ်နိုင်ငံတစ်ဝန်း၌ဖြစ်ပွားသော ဆန္ဒပြမှုများတွင် လယ်သမားများ၊ ရာသီဥတုဆိုင်ရာ တက်ကြွလှုပ်ရှားသူများ၊ ကုန်သွယ်ရေးသမဂ္ဂများနှင့် ကျောင်းသားများ ပါဝင်သည်။ ဆန္ဒပြသူများသည် လောင်စာဆီဈေးနှုန်းများလျှော့ချရေး၊ လူနေမှုစရိတ်များကျဆင်းစေရေး၊ ပညာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေးတို့ကို တောင်းဆိုခြင်းဖြစ်သည်။

သို့သော်ဆန္ဒပြသူများသည် ပြည်သူပိုင် အဆောက်အအုံများ၊ ရဲစခန်းများနှင့် ဈေးဆိုင်များကို တိုက်ခိုက်မှုများလုပ်ဆောင်လာသည်။ အလားတူ မာဆေး၊ လီလီ၊ ကာလေ့နှင့် အန်ဂါမြို့တို့ရှိ မြို့တော်ခန်းမများအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းနှင့် ကျူးကျော်ဝင်ရောက်ရန် ကြိုးပမ်းခြင်းတို့ကိုပါ လုပ်ဆောင်လာသည်။ အဆိုပါအခြေအနေကိုအခွင့်ကောင်းယူသူများကလည်း မြို့များစွာရှိ ဆိုင်များစွာကိုလုယက်ခိုးယူမှုများလုပ်ဆောင်လာသည်ဟု ပြည်ထဲရေးဝန်ကြီးကပြောသည်။

ထိုဆန္ဒပြမှုများကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ခေတ္တမျှရပ်တန့်နှောင့်နှေးခဲ့ရပြီး မြေအောက်ရထားလိုင်းများကိုလည်း ခေတ္တရပ်ဆိုင်းခဲ့ရသည်။ ထို့နောက် ပြင်သစ်သမ္မတ အမ်မန်နူယယ်မက်ခရွန်က ဆူပူမှုများကို လုပ်သည့်အတွက် ခွင့်လွှတ်ပေးမည်မဟုတ်ကြောင်း၊ အဆောက်အအုံများကိုဖျက်ဆီးသူများ၊ အစိုးရရုံးများနှင့်ဈေးဆိုင်များကို ကိုတိုက်ခိုက်သူများ၊ မြို့တော်ခန်းမများကို ကျူးကျော်သူများအားလုံးကို တရားစွဲဆိုပြီး ပြစ်ဒဏ်ချမှတ်သွားမည်ဟုပြောထားကြောင်းသိရသည်။

Ref: Xinhua

အိန္ဒိယတွင် ဘာသာရေးပွဲတော်အတွင်း ကုန်တင်ကားဝင်တိုက် လူ ၁၃ ဦးသေဆုံး

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံအလယ်ပိုင်း မက်ဒယ်ပရာဒက်ပြည်နယ် ဂွါလီယာမြို့ရှိ ဟိန္ဒူဘာသာရေးပွဲတော်တစ်ခုအတွင်း အရှိန်ပြင်းစွာ မောင်းနှင်လာသော ကုန်တင်ကားတစ်စီးက ဘုရားကျောင်း၌ စုဝေးနေသူများကို ဝင်တိုက်ရာ လူ ၁၃ ဦးသေဆုံးကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၁၈ ရက်တွင် ပြောသည်။

အဆိုပါဖြစ်စဉ်သည် အောက်တိုဘာလ ၁၈ ရက်နံနက်အစောပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ကုန်ပစ္စည်းအပြည့်တင်ဆောင်လာသော ကုန်တင်ကားယာဉ်မောင်းသည် ကားကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ ဘာသာရေးပွဲတော်သို့ လာရောက်စုဝေးနေသူများအတွင်း ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၈၃၀၀၀ ကျော်ရှိပြီး တစ်ရက်လျှင်ပျမ်းမျှ လူ ၅၀၀ ကျော်သေဆုံးနေကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရသိရသည်။ **Ref: Xinhua**



ဗီယက်နမ်က ဥရောပလေးနိုင်ငံနှင့် FTA ကိုလက်မှတ်ထိုး

ဟနွိုင်း၊ ကုန်သွယ်ရေး

ဗီယက်နမ်နိုင်ငံနှင့် ဥရောပသမဂ္ဂ (EU) ပြင်ပရှိ ဥရောပနိုင်ငံလေးနိုင်ငံတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှု သက်ရောက်နေချိန်တွင် ကုန်သွယ်ရေးဈေးကွက်များ တိုးချဲ့နိုင်ရန် ရည်ရွယ်၍ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (FTA)ကို အောက်တိုဘာလ ၁၈ ရက်တွင် ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုးသည်။

ယခုလက်မှတ်ထိုးသည့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်း (EFTA) ၌ အိုက်စလန်၊ လိုက်တင်စတိုင်း၊ နော်ဝေနှင့် ဆွစ်ဇာလန်နိုင်ငံတို့ပါဝင်သည်။ သဘောတူညီချက်အရစက်မှုထုတ်ကုန်များ၊ ငါးနှင့် စိုက်ပျိုးရေးထုတ်ကုန်များအပါအဝင် ကုန်ပစ္စည်းတင်သွင်းမှုများအပေါ် အကောက်ခွန်များလျှော့ချခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

ယခုသဘောတူညီချက်သည် ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်နေချိန်၌ စည်းမျဉ်းအခြေပြု ကုန်သွယ်ရေးစနစ်အား ကောင်းလာစေရန် နှစ်ဖက်စလုံး၏ သန္ဓိဋ္ဌာန်ကို ပြသခြင်းဖြစ်ကြောင်း ဗီယက်နမ်အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် သွင်းကုန်၊ ပို့ကုန် ဈေးကွက်များကို ပိုမိုမျိုးစုံအောင် ချဲ့ထွင်ပြီး ကမ္ဘာ့ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးကွန်ရက်များအတွင်း ပိုမိုနက်ရှိုင်းစွာ ပါဝင်နိုင်ရန်လည်း ရည်ရွယ်ထားသည်။ နှစ်ဖက်ဆွေးနွေးမှုကို ၂၀၁၂ ခုနှစ်တွင် စတင်ခြင်းဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့်ရပ်နားခဲ့ရသည်။ ၂၀၂၄ ခုနှစ်စက်တင်ဘာလတွင် ဆွေးနွေးမှုကိုပြန်လည်လုပ်ဆောင်ကာ ယခုနှစ်ဇူလိုင်လ၌ အပြီးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ **Ref: AGC**

ဂျပန်က အင်္ဂါဂြုိဟ်ရံလများမှနမူနာများရယူရန် အာကာသစူးစမ်းရေးယာဉ် လွှတ်တင်မည်

တိုကျို၊ အာကာသ

ဂျပန်နိုင်ငံသည် နေအဖွဲ့အစည်း၏ မူလအစနှင့် ကမ္ဘာပေါ်တွင်သက်ရှိများ ဖြစ်ပေါ်လာပုံကိုလေ့လာရန် အင်္ဂါဂြုိဟ်ရံလများမှ ကျောက်နှင့်သဲနမူနာများရယူမည့် အာကာသစူးစမ်းရေးစီမံကိန်းကို အကောင်အထည်ဖော်နေသည်။ အင်္ဂါဂြုိဟ်ရံလများကို စူးစမ်းလေ့လာမည့် MMX အမည်ရှိလူမဲ့အာကာသယာဉ်ကို တာနီဂါရှိုးမား အာကာသစခန်းမှ အောက်တိုဘာလ ၂၀ ရက် နံနက် ၄ နာရီ ၄၁ မိနစ်တွင် H3 ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ပြောသည်။

အာကာသယာဉ်သည် တစ်နှစ်အကြာတွင် အင်္ဂါဂြုိဟ်အနီးသို့ရောက်ရှိမည်ဖြစ်ပြီး ၎င်း၏လဖြစ်သောဖိုးဘို့ကို သုံးနှစ်အထိ လှည့်ပတ်စူးစမ်းကာ မျက်နှာပြင်မှ နမူနာအနည်းဆုံး ၁၀ ဂရမ်ရယူမည်ဖြစ်သည်။ ထို့နောက် ဒီမို့အမည်ရှိအခြားလကိုလည်း လေ့လာပြီးနောက် ကမ္ဘာသို့ပြန်လာမည်ဖြစ်သည်။ ယင်းစီမံကိန်းသည် အင်္ဂါဂြုိဟ်ရံလများသို့သွားရောက်ပြီး ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိမည့် ဂျပန်နိုင်ငံ၏ပထမဆုံးခရီးစဉ်ဖြစ်လာရန် ရည်ရွယ်ထားသည်။

ထို့ပြင် အနာဂတ်တွင် လူသားများအနေဖြင့် အင်္ဂါဂြုိဟ်သို့ သွားရောက်စူးစမ်းနိုင်ရေးအတွက်လည်း အထောက်အကူပြုမည်ဟု မျှော်လင့်ထားသည်။ ဖိုးဘို့နှင့်ဒီမို့တို့သည် အင်္ဂါဂြုိဟ်နှင့် အခြားသောအာကာသအရာဝတ္ထုတစ်ခုတို့တိုက်မိရာမှ ဖြစ်ပေါ်လာခြင်းသို့မဟုတ် အင်္ဂါဂြုိဟ်၏ ဆွဲငင်အားကြောင့် ဖမ်းယူခံထားရသော ဂြုိဟ်သိမ်များဖြစ်ခြင်းဟူသည့် အယူအဆနှစ်ခုကိုလည်း စူးစမ်းလေ့လာသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: RT



အင်ဒိုနီးရှားတွင် ဘတ်စကားနှင့် ကုန်တင်ကားတိုက်မိ လူသုံးဦးသေဆုံး

ဂျကာတာ၊ မတော်တဆမှု

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ငါဝီခရိုင်ရှိအမြန်လမ်းပေါ်တွင် ခရီးသည်တင်ဘတ်စကားနှင့် ကုန်တင်ကားတို့ တိုက်မိမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က အောက်တိုဘာလ ၁၈ ရက်တွင် ပြောသည်။

အဆိုပါမတော်တဆမှုတွင် တစ်ဦးသည် ယာဉ်တိုက်မှုဖြစ်ပွားရာနေရာ၌ပင် သေဆုံးခြင်းဖြစ်ပြီး ကျန်နှစ်ဦးမှာဆေးရုံတွင်ဆေးကုသမှုခံယူနေစဉ် သေဆုံးခြင်းဖြစ်သည်။ ခရီးသည် ၅၄ ဦးကိုတင်ဆောင်လာသော ဘတ်စကားသည် အရှေ့ဂျာဗားပြည်နယ်မြို့တော်ဆူရာဘာယာမှ ငါဝီခရိုင်သို့ မောင်းနှင်လာစဉ် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုယာဉ်တိုက်မှုဖြစ်စဉ်တွင် ကုန်တင်ကားမှာ တာယာပေါက်သွားသဖြင့် လမ်းဘေး၌ ရပ်နားထားရကြောင်း မျက်မြင်တွေ့ရှိသူများကပြောသည်။ ယာဉ်တိုက်မှုဖြစ်ရသည့်အကြောင်းရင်းမှာ ယာဉ်မောင်းနှစ်ဦးစလုံး သတိပြုမောင်းနှင်မှု အားနည်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့ကပြောသည်။

Ref: Xinhua

ယူကရိန်းသမ္မတ ဇီလန်စကီက ဥရောပကို ကိုယ်ပိုင် ATM သဖွယ် သဘောထားနေဟု အီတလီ လွှတ်တော်အမတ်ဝေဖန်

ရောမ၊ နိုင်ငံရေး

ယူကရိန်းနိုင်ငံသမ္မတ ဇီလန်စကီသည် ဥရောပကို ကိုယ်ပိုင် ATM တစ်ခုကဲ့သို့ သဘောထားနေကြောင်း အီတလီနိုင်ငံမှ လက်ယာစွန်းဝါဒီ ဥရောပပါလီမန်အမတ်ရောဘာတိုဗန်နာချီကဝေဖန်ထားသည်။ ယူကရိန်းအား ယူရို ၇၀ ဘီလီယံထပ်မံကူညီပေးရန် ဇီလန်စကီကတောင်းဆိုပြီးနောက် ယင်းဝေဖန်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

ဇီလန်စကီသည် ဘရပ်ဆဲမြို့၌ ကျင်းပသော ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးတွင် လာမည့်နှစ်အတွင်း စစ်ပွဲအတွက် ယူရို ၁၅၅ ဘီလီယံ ကုန်ကျမည်ဖြစ်သဖြင့် ကာကွယ်ရေး၊ လက်နက်ဝယ်ယူရေးနှင့် နိုင်ငံ၏ကြွေကြွေခံနိုင်စွမ်းအတွက် နောက်ထပ် ယူရို ၇၀ ဘီလီယံလိုအပ်ကြောင်း ပြောထားခြင်းဖြစ်သည်။ ယင်းတောင်းဆိုမှုသည် ၂၀၂၇ ခုနှစ်အထိ ယူကရိန်းကို ထောက်ပံ့သွားရန် ဥရောပသမဂ္ဂက ယူရို ၉၀ ဘီလီယံ ချေးငွေအစီအစဉ်ကို အတည်ပြုထားပြီးနောက် လအနည်းငယ်အကြာတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်အတွက် ယူရို ၂၇ ဘီလီယံနှင့် ၂၀၂၇ ခုနှစ်အတွက် ယူရို ၃၂ ဘီလီယံ လိုငွေရှိကြောင်း ယူကရိန်းဘက်က ဖော်ပြထားမှုများအပြင် ယခုနောက်ထပ် ယူရို ၇၀ ဘီလီယံတောင်းဆိုမှုကိုပါ ဗန်နာချီက ထောက်ပြထားခြင်းဖြစ်သည်။

Ref: RT

ကြက်သွန်စိုက်အသင်းသားတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာပေးအပ်ပွဲကျင်းပ



မိတ္ထီလာ အောက်တိုဘာ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာနသည် ကန်သာကျေးရွာအုပ်စု မင်းရွာကျေးရွာ၌ ကြက်သွန် စိုက်ပျိုးသည့် အသင်းသား တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာ ပေးအပ်ပွဲကို အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အမှာစကားပြောကြားပြီး မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းရွာကျေးရွာရှိ ကန်သာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အသင်းသား တောင်သူ ၃၉ ဦး၏ ကြက်သွန်စိုက်ဧက ၁၀၀ အတွက် အသင်းပိုင် ငွေကျပ် ၂၇ ဒသမ ၉၂၂ သန်းဖြင့် ဓာတ်မြေဩဇာအိတ်များပေးအပ်ကြောင်း သိရသည်။

ဆက်လူ

ရေဦးမြို့နယ်၌ မိုးသီးနှံမြေပဲများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

ရေဦး အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့်မြေပဲများ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

"ရေဦးမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲသီးနှံ ၉၇၇၉ ဧက အထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကထက် တိုးစိုက်နိုင်တယ်။ မြေပဲစိုက်ပျိုးမှုအတွက် GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ အသိပညာပေးခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ရေဦးမြို့နယ်၌ မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်း၍ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

MWD Education, Knowledge & Sports Channel ၁၉-၁၀-၂၀၂၆ (တနင်္လာနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၀ Grade-3 မြန်မာစာ၊ အင်္ဂလိပ်စာ သချာ်၊ လူမှုရေး၊ သိပ္ပံ

၂။ ၁၅:၃၀ မှ ၁၈:၅၀ Grade-7 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်(၁)

၃။ ၁၈:၅၀ မှ ၂၀:၃၅ Grade-7 သချာ်(၂)၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ညောင်ရွှေ အောက်တိုဘာ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘန်ပြင်ကျေးရွာအုပ်စု မန်းအောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အကြောင်းအရာတို့အား ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများရွေးချယ်နိုင်ရန်ဆွေးနွေးခြင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး အစည်းအဝေး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက



ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို မိမိတို့ ကျေးရွာအလိုက် အများသဘော ဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ကြသည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၁၊ ၀၆၇-၃၄၀၄၁၂၂၊ ၀၆၇-၃၄၀၄၁၃၄၊ ၀၆၇-၃၄၀၄၁၃၅၊ ၀၆၇-၃၄၀၄၁၃၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၁၃
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၁၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၁၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၁၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန် **ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှစတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သချိုင်္ဂ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၂** ရက်နေ့မှ **၆** ရက်နေ့အတွင်း သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ**အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


OKKAN
SUGAR
MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စဈ/ၛၫ၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇
DENTOMEC
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည်ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ဝိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပမည့် (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို

စာမျက်နှာ ၁၁ ကော်လံ ၁ ⇨

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၅/၂၀၂၆ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၅/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄/၂၀၂၆ သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါးနှွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ဆက်လက်အတည်ဖြစ်သည်။

ပုံ
ရဲဝင်းဦး
ဗိုလ်ချုပ်ကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

Myanmar Fight(36) မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၈

အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြုလုပ်သည့် 2026–Myanmar

စာမျက်နှာ ၂၀ ကော်လံ ၁ ■

AFC Challenge League အုပ်စုပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် နယူးတိုင်ပေစီးတီး Hang Yuan အသင်းတို့သရေကျ



ရန်ကုန် အောက်တိုဘာ ၁၈

AFC Challenge League အုပ်စု(E)အဖွင့်ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် နယူးတိုင်ပေစီးတီး Hang Yuan အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဝိုးစီဖြင့် သရေကျခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် နယူးတိုင်ပေစီးတီးအသင်းက ဦးဆောင်ဂိုးရရှိရေး ရှမ်းယူနိုက်တက်အသင်းကို

စာမျက်နှာ ၂၀ ကော်လံ ၄ ➢

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံဆင်ခြေလျှော မြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

စာ – ၁၆ သို့

နော်အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

(မိုး/၈လ)

နိုင်ငံတကာရေးရာ

လူ ၅ သိန်းခွဲပါဝင်သည့်ပြင်သစ်ဆန္ဒပြပွဲများတွင် လူ ၄၀၀ ခန့်ကို ဖမ်းဆီးထား

စာ – ၂၈ သို့

ဂျပန်က အင်္ဂါဂြိုဟ်ရံလများမှ နမူနာများရယူရန် အာကာသစူးစမ်းရေးယာဉ် လွှတ်တင်မည်

စာ – ၂၈ သို့

အိန္ဒိယတွင် ဘာသာရေးပွဲတော်အတွင်း ကုန်တင်ကားဝင်တိုက် လူ ၁၃ ဦးသေဆုံး

စာ – ၂၈ သို့

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ခဲ့တဲ့ တရုတ်နိုင်ငံ

စာ – ၂၆ သို့

နောက်ဆုံးရ နိုင်ငံတကာသတင်း

ကနေဒါစစ်စခန်းတစ်ခု မီးလောင်မှုကြောင့် လူ ခုနစ်ဦးသေဆုံး



ကယ်ဂါရီ၊ မီးလောင်မှု

ကနေဒါနိုင်ငံ အယ်ဘာတာပြည်နယ်ရှိ ဝိန်းရိုက်စစ်စခန်းတွင် မီးလောင်မှုဖြစ်ပွားရာ လူ ခုနစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၁၈ ရက်တွင် ထုတ်ပြန်သည်။

မီးသည် စစ်စခန်းအတွင်းရှိ လေ့ကျင့်ရေးဧရိယာ၌ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။ လေပြင်း

စာမျက်နှာ ၂၀ ကော်လံ ၄ ❍